# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၁ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၂)၊ ၁၃၈၇ ခုနှစ် ၊ ပြာသိုလဆန်း ၃ ရက် ၊ ၂၁-၁၂-၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

## မိမိတို့ဒေသကိုချစ်သည့်စိတ်၊ နိုင်ငံကောင်းရာကောင်းကျိုးကို လိုလားသည့်စိတ်များဖြင့် ဒေသနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြစေလို

နေပြည်တော် ဒီဇင်ဘာ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် ယနေ့နံနက်ပိုင်းတွင် မင်းဘူးမြို့ သာသနာ့ဗိမာန်တော်ရှိ မင်းဘူးဦးသြဘာသခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ❑



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင်းဘူးခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုစဉ်။

### မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့်သာယာမည်။ မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး နေ့စဉ်

## စိုက်ပျိုးရေးပညာရှင်များစွာပေါ်ပေါက်လာစေရေး ဆက်လက်ဆောင်ရွက်လျက်ရှိ

ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်သည် ခေတ်နှင့်လျော်ညီသော အဆင့်မြင့် စိုက်ပျိုးရေးနည်းပညာများ၊ ရာသီဥတုဒဏ်ခံနိုင်သည့် နည်းပညာများ၊ ဇီဝနည်းပညာများ၊ စက်မှုလယ်ယာအပါအဝင်(Smart Agriculture)နှင့် ဈေးကွက်ဗဟုသုတများကို ပေါင်းစပ်သင်ကြားပေးရာ တက္ကသိုလ်တစ်ခုဖြစ်သည်။

စိုက်ပျိုးရေးတက္ကသိုလ်သို့ ပေါင်းကူးတက်ရောက်ခွင့်ရသူများအနေဖြင့် အနာဂတ်တွင် စိုက်ပျိုးရေးပညာရှင်၊ သုတေသီ၊ နည်းပညာဖြန့်ဝေသူနှင့် စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအဖြစ် နိုင်ငံ၏ စားရေရိက္ခာဖူလုံရေး၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအားထားရမည့် မျိုးဆက်သစ်များအဖြစ်၊ တိုင်းပြည်အတွက် အားထားရမည့်သူများအဖြစ် မွေးထုတ်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ဤပေါင်းကူး အစီအစဉ်ကို ၁၉၇၀ ဝန်းကျင်ခန့်ကစတင်ခဲ့ရာ ခေတ်အဆက်ဆက် တက်ရောက်ခဲ့သူများတွင် လုပ်ငန်းခွင်ထူးချွန်သူများစွာရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများမှ လက်တွေ့ပိုင်းနှင့် လုပ်ငန်းခွင်အတွေ့အကြုံများအား ကောင်းစွာသင်ယူလေ့ကျင့်ခဲ့ကြပြီးဖြစ်၍ တောင်သူများ၏ ပင်ပန်းဆင်းရဲသည့် ခံစားမှုများကို ကိုယ်ချင်းစာနားလည်နိုင်ကာ ပညာဆည်းပူးလေ့လာလိုစိတ်၊ နည်းပညာလေ့လာလိုစိတ်တို့ ပူးပေါင်း၍ စေတနာ၊ ဝါသနာ၊ စိတ်ဓာတ်၊ စည်းကမ်းနှင့်ယှဉ်သော စိုက်ပျိုးရေးပညာရှင်များစွာ ပေါ်ပေါက်လာစေရေး ဆက်လက်ကြိုးပမ်း အားထုတ်သွားကြရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆီ လှမ်းချီနိုင်ရေးအတွက် ကျရာအခန်းကဏ္ဍများမှ စွမ်းဆောင်သွားကြစေလိုကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဒီဇင်ဘာ ၁၉ ရက်နံနက်ပိုင်းတွင် စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း)ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် (၄၈)ကြိမ်မြောက် တက္ကသိုလ်ဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ပြီး စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း)တွင် တတိယနှစ်သင်တန်း တက်ရောက်ခွင့်ရရှိကြသည့် စိုက်ပျိုးရေးဒီပလိုမာ အောင်မြင်ပြီးသူများ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနား၌ တိုက်တွန်းမှာကြားသည်။

စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း)၏ တက္ကသိုလ်ဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲကို နှစ်စဉ်ကျင်းပပေးလျက်ရှိပြီး စိုက်ပျိုးရေးသိပ္ပံကျောင်းများမှ ထူးချွန်စွာအောင်မြင်ခဲ့သူများ၊ ဌာနလုပ်ငန်းခွင်များတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ထူးချွန်ဝန်ထမ်းများကို အဆင့်မြင့် စိုက်ပျိုးရေးပညာရပ်များ ဆက်လက်လေ့လာသင်ယူခွင့်ရရှိရေးအတွက် ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တတိယနှစ်သင်တန်းတွင် တက်ရောက်ခွင့်ရရှိသူ ၂၂၆ ဦး ရှိသည်။ ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမတွင် သီးနှံမျိုး မွေးမြူသူပညာရှင်များနှင့်တွေ့ဆုံ၍ သီးနှံမျိုးကွဲအသစ်များ မျိုးမွေးမြူရွေးချယ်ခြင်းနှင့်စပ်လျဉ်း၍ လိုက်နာသင့်သည်များ ပြောင်းသီးနှံ၊ နေကြာသီးနှံကဲ့သို့ မျိုးလိုင်းများ ရွေးချယ်ရာတွင် အသုံးပြုသင့်သော မျိုးလိုင်းရွေးချယ်ခြင်းနည်းလမ်းများ၊ သဘာဝပတ်ဝန်းကျင်မှ အပင်များ၊ တိရစ္ဆာန်များ၊ မိုင်ခရိုအော့ဂင်နစ်ဇမ်များ၊ မှိုများ စသည့် ဇီဝဗေဒဆိုင်ရာ ပစ္စည်းများကို စီးပွားဖြစ် အသုံးချနိုင်ရေး နည်းလမ်းများသာမက ဆေးဝါးများ၊ သဘာဝဆေးဖက်ဝင်ပစ္စည်းများ၊ ကျန်းမာရေးအထောက်အကူပြုသီးနှံများ စသည့်သဘာဝအရင်းအမြစ်မှ စီးပွားရေးအမည် သစ်သီးနှံများ သုတေသနပြု၍ တီထွင်ကြံဆဖော်ထုတ်နိုင်ရေးနှင့်စိုက်ပျိုးရေးပညာရှင် များစွာပေါ်ပေါက်လာစေရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးမည်

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိသည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဒီဇင်ဘာ ၂၂ ရက်တွင် အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်(၂)ရှေ့၊ ၈၂လမ်းနှင့် ၂၄လမ်းထောင့်နှင့် ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၂၇လမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြားတို့တွင် လည်းကောင်း၊ ဒီဇင်ဘာ ၂၃ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၉ လမ်း၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ ရှင်အရဟံသိမ်ရှေ့နှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ ၁၁၁ လမ်းနှင့် ၆၄လမ်းထောင့်၊ မွှာရုံရှေ့တို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၂၄ ရက်တွင်အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ ၁၉လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ၁၁၇ လမ်း၊ ၅၉လမ်းနှင့် လမ်း၆၀ကြားတို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၂၂ ရက်တွင် ခရစ်စမတ်နေ့ ရုံးပိတ်ရက်တွင် သက်သာဈေးရောင်းချမှု ရပ်နားထားပြီး ဒီဇင်ဘာ ၂၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတို့ တွင် ရောင်းချ ပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

၀-၀-၀

## မြင်းခြံမြို့၌ အခြေခံစာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်

**မြင်းခြံ ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ အခြေခံစာကြည့်တိုက်ပညာသင်တန်းကို ယနေ့နံနက် ၁၀ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမတွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနွဲ့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူးက စာကြည့်တိုက်စီမံခန့်ခွဲရေးအကြောင်း၊ စာကြည့်တိုက် ပုံမှန်စစ်ဆေးခြင်းအကြောင်း၊ စာကြည့်တိုက်ပညာရပ်များအား သင်ကြားပို့ချခဲ့သည်။

အဆိုပါ သင်တန်းတွင် မြင်းခြံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမ ၃၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၃၆၆)

သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနနှင့် မန္တလေးနေ့စဉ်သတင်းစာတိုက် ဝန်ထမ်းများ ၁၀ ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော် အောင်ပွဲ လှူဒါန်းပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနနှင့် မန္တလေးနေ့စဉ်သတင်းစာတိုက်ဝန်ထမ်းများ ၁၀ ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် လှူဒါန်းပွဲ အောင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတောင်တော်၊ တောင်တက်ကားလမ်းဘေးရှိ ရွှေရည်ဝင်းကျောင်းတိုက်တွင် ကျင်းပသည်။

အခမ်းအနားသို့ ဝေဠုဝန်ကျောင်းတိုက်သစ် စွမ်းအားကျောင်း ဆရာတော်ဘဒ္ဒန္တသုမင်္ဂလ(သာသနဓဇဓမ္မာစရိယ) ရွှေရည်ဝင်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသုမင်္ဂလ(သာသနဓဇဓမ္မာစရိယ)အမှူးပြုသော ပင့်သံဃာဆရာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ အခွန်ဌာန ဌာနမှူး ဦးတင်ထွန်းဦး၊ သန့်ရှင်းရေးဌာန ဌာနမှူး ဦးမောင်မောင်မြင့်၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဒေါ်နွယ်နွယ်ထွန်းနှင့် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ခဲ့ပြီး ဝေဠုဝန်ကျောင်းတိုက်သစ် စွမ်းအားကျောင်းဆရာတော် ဘဒ္ဒန္တသုမင်္ဂလ (သာသနဓဇဓမ္မာစရိယ) ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်ချီးမြှင့်တော်မူသော တရားတော်များ နာယူကြည်ညိုကြသည်။




ထို့နောက် ရွှေရည်ဝင်းကျောင်းတိုက်တွင် ဝါဆိုတော်မူသော သံဃာတော်များအား အမှူးထား၍ ကျောင်းတိုက်ဆရာတော်အား သင်္ကန်း၊ လှူဖွယ်ဝတ္ထုများနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြကာ ကထိန်ရေစက်ချအနုမောဒနာတရားကို နာယူကြည်ညိုခဲ့ကြပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

(ဝဲပုံ)(မန္တလေးနေ့စဉ်-၈)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)








ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

❍ မင်းဘူးဒေသတွင် ပဲနှင့်ဝါကို အဓိကထားစိုက်ပျိုးကြသည်ကို တွေ့ရှိရပြီး ဆန်ဖူလုံမှုရှိသည့် ဒေသလည်းဖြစ်၊ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် စိုက်ပျိုးဆောင်ရွက်နိုင်မည်ဆိုပါက ယခုထက်ပိုမိုအကျိုးဖြစ်ထွန်းစေမည်

❖ ယခုဒေသတွင် စိုက်ပျိုးဖြစ်ထွန်းသည့် ဝါများစိုက်ပျိုးရာတွင် တစ်ဧကပန်းတိုင်ရည်မှန်းချက် ပြည့်မီရေးဆောင်ရွက်သွားရန်လို၊ မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးမှုဧက ၅ သိန်းခန့်ရှိပြီး ဝါအထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းချည်ချောထုတ်လုပ်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်

❑ ရှေ့ဖုံးမှ

### ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား အသီးသီးတင်ပြ

ဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူးက မင်းဘူးခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ အဓိက သီးနှံများအားပန်းတိုင်အထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း ဆန်နှင့် ဆီဖူလုံမှု၊ ဆီထွက်သီးနှံများအား အထူးဇုန်များအလိုက် စိုက်ပျိုးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိမှု၊ ဝါစိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်းလျက်ရှိမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများဖြင့် စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ မင်းဘူးခရိုင်အတွင်း မြို့နယ်အလိုက် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လိုအပ်သည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မင်းဘူးခရိုင်အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့များ၊ ကျောက်မီးသွေးများ ထုတ်လုပ်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မင်းဘူးခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်ထွန်းအောင်မြင်လျက်ရှိမှုနှင့် တစ်ဧကပန်းတိုင်အထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်လျက်ရှိမှု၊ မကွေးတိုင်းဒေသကြီးအတွင်း ဆန်ဖူလုံမှုရှိစေရေးကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေများလုံလောက်စွာရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်ခဲ့မှုကြောင့် ယခင်ကထက် သီးနှံများ ပိုမိုစိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိမှု၊ စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်ခြင်းကြောင့် တိုင်းဒေသကြီး၏ GDP များ တိုးတက်လျက်ရှိမှု၊ ဝါနှင့် ဆီထွက်သီးနှံ အဓိကစိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် မင်းဘူးမြို့ရှိ မြို့မိမြို့ဖများက မင်းဘူးမြို့နယ် ကောင်းသာရွှေကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ စာသင်ဆောင်များလိုအပ်လျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက်လိုအပ်သည့် စိုက်ပျိုးရေများ လုံလောက်စွာရရှိရေးနေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများထပ်မံတိုးချဲ့ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသဆိုင်ရာလိုအပ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

### တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြောကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမင်းနောင်၊ ဦးလှမိုးနှင့် ဦးခင်မောင်ရီတို့က နိုင်ငံတော်တစ်ဝန်း တည်ငြိမ်မှုနှင့် အေးချမ်းသာယာမှုရှိစေရေးအတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်း မှန်ကန်ရေးနှင့်အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလောင်းကစား တိုက်ဖျက်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် တရားမဝင် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည်လွှဲပြောင်းပေးလျက်ရှိမှု၊ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ အမြစ်ပြတ်ချေမှုန်းလျက်ရှိသဖြင့် ပြည်သူလူထုများမှလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်လိုအပ်မှု၊ စိုက်ပျိုးရေလိုအပ်ချက် ပြည့်မီစေရေးအတွက် မြစ်ရေတင်လုပ်ငန်းများဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ချိတ်ဆက်ဆောင်ရွက်သွားကြစေလိုမှု၊ တင်ပြချက်များတွင်ပါဝင်သည့် စိုက်ပျိုးရေ လိုအပ်ချက်ရှိသည့် ကျေးရွာများ၌ နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ မြေအောက်ရေထုတ်ယူရရှိနိုင်ရေး လိုအပ်သည့် သုတေသနပြုတွက်ချက်မှုများကို ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ မကွေးတိုင်းဒေသကြီးနှင့် မင်းဘူးခရိုင်တို့အတွင်း နှစ်အလိုက် သစ်တောဖုံးလွှမ်းမှုအခြေအနေများအပေါ် စိစစ်တွေ့ရှိချက်များ၊ နိုင်ငံအဝန်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ဒေသခံများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန်လိုအပ်မှုတို့နှင့်ပတ်သက်၍ အသီးသီး ဆွေးနွေးတင်ပြကြသည်။

စာမျက်နှာ ၄ သို့





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင်းဘူးမြို့ ခရိုင်ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

### စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများကိုအားပေး၍ ဒေသဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မင်းဘူးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မင်းဘူးဒေသတွင် ပဲနှင့်ဝါကို အဓိကထားစိုက်ပျိုးကြသည်ကို တွေ့ရှိရပြီး ဆန်ဖူလုံမှုရှိသည့် ဒေသလည်းဖြစ်ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် စိုက်ပျိုးဆောင်ရွက်နိုင်မည်ဆိုပါက ယခုထက်ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မင်းဘူးခရိုင်တစ်ခုတည်းအနေဖြင့် စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက် မပြည့်မီခြင်းကြောင့် ဝင်ငွေလျော့နည်းမှုမှာ ၅၀၀ ဘီလီယံကျော်ခန့်ရှိကြောင်း၊ ထို့ကြောင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ခြင်းဖြင့် ဒေသ၏စီးပွားရေးကို များစွာပြောင်းလဲသွားစေနိုင်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ယခုဒေသတွင် စိုက်ပျိုးဖြစ်ထွန်းသည့် ဝါများစိုက်ပျိုးရာတွင် တစ်ဧကပန်းတိုင်ရည်မှန်းချက် ပြည့်မီရေးဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးမှုဧက ၅ သိန်းခန့်ရှိပြီး ဝါအထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းချည်ချောထုတ်လုပ်မှုများကို ပိုမိုတိုးမြှင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချက်အလက်များအား တင်ပြဆောင်ရွက်ရာ၌ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ခေတ်အဆက်ဆက်တွင် လယ်ယာထွက်ကုန်ပစ္စည်းများ ထွက်ရှိမှုမှာ ကိန်းဂဏန်းအချက်အလက်များအရ ကွာခြားချက်များရှိနေကြောင်း၊ ကိန်းဂဏန်း အချက်အလက်များ၊ စာရင်းဇယားများမှန်ကန်စွာ သိရှိနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုလေ့လာဆန်းစစ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ပန်းတိုင်ရည်မှန်းချက်များပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် စာရင်းဇယား ကောက်ယူသူများအနေဖြင့်လည်း မှန်ကန်သည့်စာရင်းဇယားများရရှိနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဓိကအားဖြင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အားလုံး အမှန်တကယ် အလုပ်လုပ်ကြရမည်ဖြစ်ပြီး အလုပ်လုပ်နိုင်ရေးအတွက်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

တစ်ဧကပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိစေရေး မိမိတို့အနေဖြင့် မျိုး၊ မြေ၊ ရေ၊ နည်းလိုအပ်ချက်များနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် လက်တွေ့မြေပြင်၌ စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်နေကြသည့်သူများကို ကွင်းဆင်း၍ လိုအပ်ချက်များကို သုတေသနပြုမေးမြန်းခဲ့ကြောင်း၊ ထိုသို့မေးမြန်းရာတွင် စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ အခြေခံကျသောအချက်၊ ဖြည့်ဆည်းပေးရမည့်အချက်များကို ရိုးရှင်းစွာ မေးမြန်းခဲ့ကြောင်း၊ မေးမြန်းချက်များအရ မင်းဘူးဒေသတွင် သီးနှံ ၉ မျိုး စိုက်ပျိုးသည်ကိုတွေ့ရှိရကြောင်း၊ အားနည်းချက်များတွင် လူများ၏ အားနည်းချက်၊ ငွေကြေးအားနည်းချက်ဟူ၍ရှိကြောင်း၊ မြေပြုပြင်ခြင်းတွင် လိုအပ်သည့်ထွန်ယက်မှုများ လုံလောက်စွာ ပြုလုပ်ခြင်း၊ ဓာတ်မြေဩဇာများ လိုအပ်မှုရှိပါက သဘာဝမြေဩဇာများ ထည့်သွင်းခြင်းများကို ဆောင်ရွက်နိုင်ကြောင်း၊ မြေဩဇာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတော်မှ စိုက်ပျိုးရေးချေးငွေများကို ထုတ်ချေးပေးထားကြောင်း၊ ကောက်ကွက်များ ပြည့်မီအောင်စိုက်ပျိုးရန်အတွက် လိုအပ်သည့် လူများမရရှိနိုင်ပါက Feed Seeder များဖြင့် စနစ်တကျ အစေ့ချစိုက်ပျိုးခြင်းဖြင့် တစ်ဧကပန်းတိုင်အထွက်နှုန်း ပြည့်မီရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မိရိုးဖလာ ဆောင်ရွက်နေခြင်းအစား ခေတ်မီနည်းစနစ်များကိုလည်း လေ့လာကျင့်သုံး၍ အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

စိုက်ပျိုးရေလိုအပ်ချက်နှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီးအတွင်း နေရောင်ခြည်စွမ်းအင်သုံးမြစ်ရေတင်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မင်းဘူးဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ပြောင်းလဲစေရေး မိမိအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များအပေါ် အခြေခံသည့်စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသ၏ လူမှုစီးပွားဘဝများသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့် သွင်းအားစုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေ လုံလောက်စွာရရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရရှိရေးအတွက်လည်း နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်း ဒေသ၏စားရေးလိုအပ်ချက်ကို ပြည့်မီအောင် မွေးမြူထုတ်လုပ်သွားရန်လိုကြောင်း၊ ဒေသအတွင်း မွေးမြူဖြစ်ထွန်းသည့် ဆိတ်မွေးမြူရေးလုပ်ငန်းအပြင် အခြေခံစားကုန်များဖြစ်သည့် ကြက်၊ ဝက်၊ နွား တို့ကိုလည်း အောင်မြင်အောင် မွေးမြူဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက်လိုအပ်သည့် အစာလိုအပ်ချက်အတွက်လည်း ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များကို အခြေခံ၍ လုပ်ဆောင်ရနိုင်မည်ဖြစ်ကြောင်း။

### လူသားအရင်းအမြစ်ကောင်းများရရှိရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာဖြင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း၊ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဟူသည့်အတိုင်း အတန်းပညာရှိမှသာ အတတ်ပညာရှိမည်ဖြစ်ကြောင်း၊ ထို့အတူ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး လူရည်မွန်များလည်း ဖြစ်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စု အစီရင်ခံစာကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်မှုသည် နိုင်ငံတော်အတွက် အဖိုးတန်သည့် စာရင်းအင်း၊ ကိန်းဂဏန်းအချက်အလက်များပင်ဖြစ်ပြီး မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်တို့အနေဖြင့်လည်း မိမိတို့ဒေသ၏ ကိန်းဂဏန်းအချက်အလက်များကို အခြေခံ၍ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိရှိ အသုံးချသွားကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့" ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ရှိပြီးသားသဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန်နှင့် သစ်ပင်များ တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ အပူဒဏ်ကို ကာကွယ်နိုင်ရေးအတွက် ရွာတိုင်းရွာတိုင်း အရိပ်ရပင်များကို တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ အချို့မြို့နယ်များသည် ကမ္ဘာ့အပူဆုံးမြို့များစာရင်းအတွင်း၌ ပါဝင်သည်ကို တွေ့ရကြောင်း၊ အပူရှိန်လျှော့ချရေးနှင့် ရာသီဥတုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်မှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ပြီး ကျေးရွာတစ်ရွာချင်းစီအလိုက် သစ်တောသစ်ပင်များကို တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် ဒေသတွင်းဖြစ်ထွန်းအောင်မြင်ပြီး ကုန်ထုတ်လုပ်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေနိုင်သည့် ဆီးသီးပင်၊ မန်ကျည်းပင်အပါအဝင် အခြားအပင်များကို ထည့်သွင်းစိုက်ပျိုးသွားရန်လိုကြောင်း၊ MSME လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုန်ကြမ်းပစ္စည်းများသည် အဓိကကျကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၅ သို့*

- ❒ မင်းဘူးဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ပြောင်းလဲစေရေး မိမိအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိ၊ ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များအပေါ် အခြေခံသည့်စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသ၏လူမှုစီးပွားဘဝများသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်
- ❒ မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်း ဒေသ၏စားရေးလိုအပ်ချက်ကို ပြည့်မီအောင် မွေးမြူထုတ်လုပ်သွားရန်လို၊ ဒေသအတွင်းမွေးမြူဖြစ်ထွန်းသည့် ဆိတ်မွေးမြူရေးလုပ်ငန်းအပြင် အခြေခံစားကုန်များဖြစ်သည့် ကြက်၊ ဝက်၊ နွားတို့ကိုလည်း အောင်မြင်အောင် မွေးမြူဆောင်ရွက်ကြရန်လို



နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါ နိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ် ဗဟုသုတပြည့်ဝကြရန် လိုပါတယ်။ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံး အနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့် လူမျိုးကောင်းကျိုးများကို သယ်ပိုးရွက်ဆောင်နိုင်ကြရန် အရေးကြီးပါတယ်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၈-၉-၂၀၂၅ ရက်၊ ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

*စာမျက်နှာ ၄ မှ*

ပညာရေးနှင့်ပတ်သက်၍ ပညာရည်သင်ကြားခြင်းကိုသာမက သိသင့်သိထိုက်သည့် အသိပညာဗဟုသုတများရရှိစေရေးအတွက် မိမိတို့ကိုယ်တိုင်နှင့် မိမိတို့သားသမီးများကို စာဖတ်သည့်အလေ့အကျင့်များ မွေးမြူပေးရန်လိုကြောင်း၊ မိမိတို့သားသမီးများ၏ ဘဝတိုးတက်ရေးအတွက် ပညာရည်မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ပညာရည်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းအားဖြင့် ဒေသတွင်း လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုသည် ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ခြင်းပင်ဖြစ်သဖြင့် နိုင်ငံတော်မှ အလေးပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူပြုနိုင်ရန်အတွက်လည်း နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများကို ဥပဒေနှင့်ပတ်သက်သည့် အသိပညာများ သင်ကြားပေးလျက်ရှိကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှသာလျှင် နိုင်ငံအတွင်း သွားလာလုပ်ကိုင်မှုများ အဆင်ပြေချောမွေ့လာမည်ဖြစ်သဖြင့် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

## လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ယခု ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အပိုင်းသုံးပိုင်းခွဲ၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရန် အရေးကြီးသကဲ့သို့ ၂၀၂၀ ပြည့်နှစ်တွင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲကဲ့သို့ မဲမသမာမှုများ မဖြစ်ပေါ်စေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့် မဆုံးရှုံးစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးခြင်းမပေးခြင်းသည် မဲဆန္ဒရှင်များ၏ဆန္ဒဖြစ်ပြီး မဲပေးနိုင်အောင် ဆောင်ရွက်ပေးရမည်မှာ အစိုးရ၏ တာဝန်ပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်းသည် ဒီမိုကရေစီစနစ်အပေါ် လျှောက်လှမ်းခြင်းကို ထောက်ခံခြင်းဖြစ်ပြီး မဲမပေးခြင်းသည် ဒီမိုကရေစီစနစ်အပေါ် လျှောက်လှမ်းမှုကို မထောက်ခံခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မင်းဘူးဒေသအတွင်း ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မင်းဘူးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသတွင် နေထိုင်ကြသူများ၊ တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ဒေသကို ချစ်သည့်စိတ်၊ နိုင်ငံကောင်းရာကောင်းကျိုးကို လိုလားသည့်စိတ်များဖြင့် ဒေသနှင့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင်းဘူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် မင်းဘူးခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## မင်းဘူးမြို့၊ ခရိုင်ဘောလုံးအားကစားကွင်း

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မင်းဘူးမြို့ ခရိုင်ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် အားကစားပွဲများ ကျင်းပပြုလုပ်ချိန်တွင် အားကစားဝါသနာရှင်ပြည်သူများ အဆင်ပြေစွာ ကြည့်ရှုနိုင်ရန်အတွက် ပွဲကြည့်စင် တည်ဆောက်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်၊ ရေနုတ်မြောင်း ဆောက်လုပ်ရာတွင်လည်း ရေများ စနစ်တကျ စွန့်ထုတ်နိုင်ရန်အတွက် မြေအနိမ့်အမြင့်အား တွက်ချက်ဆောင်ရွက်သွားရန်၊ ပြေးလမ်းအားစနစ်တကျ တည်ဆောက်သွားရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## မင်းဘူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး

ထို့နောက် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မင်းဘူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် သွားနှင့်ခံတွင်းကုသမှုဌာန၊ ခွဲစိတ်ခွဲခန်းနှင့် ဇီဝခွဲစိတ်ခွဲခန်းတို့အတွင်း လှည့်လည်၍ ပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးနေမှုနှင့် ကျန်းမာရေးဝန်ဆောင်မှုပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က မင်းဘူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးအတွက် အလှူငွေများကိုပေးအပ်ရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

## မကွေး-မင်းဘူးလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင်လည်း မင်းဘူးမြို့ ရှုခင်းသာနေရာသို့ ရောက်ရှိကြရာ မကွေး-မင်းဘူး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လမ်းနယ်များနှင့်ပတ်သက်၍ သတ်မှတ်ထားသည့်အတိုင်း စနစ်တကျဖြစ်ရန်လိုပြီး အချို့လမ်းနယ်များ၌ ကျူးကျော်မြေအသုံးချမှုများ ရှိနေသည့်အတွက် လမ်းမကြီးများဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ လမ်းများ အဆင့်မြှင့်တင်ခြင်းများ ပြုလုပ်ရာတွင်လည်း လမ်းကြောင်းတစ်လျှောက် စနစ်တကျဖြစ်စေရေးနှင့် သတ်မှတ်ချက်များ ပြည့်မီစေရေး စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတပ်နယ်မှ အရာရှိ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ဆန္ဒမဲပေးရာတွင် တိုင်းပြည်နှင့် ဒေသကောင်းကျိုး ဆောင်ရွက်နိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအမြင်ရှိသူ၊ တပ်မတော်နှင့် စိတ်တူကိုယ်တူ လက်တွဲဆောင်ရွက်နိုင်သည့်သူများကိုရွေးချယ်

နေပြည်တော် ဒီဇင်ဘာ ၂၀

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မကွေးတပ်နယ်ရှိ အရာရှိစစ်သည်၊ မိသားစုများအား မကွေးမြို့ရှိ နယ်မြေခံတပ်ဌာနချုပ် သီဟသုရကျောင်းစံခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် တပ်မတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင်ပါဝင်နေမှု**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာ၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကို ဆောင်ရွက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အား ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မကြာမီရက်ပိုင်းအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရွေးကောက်ပွဲပြီးစီးချိန်တွင် အနိုင်ရသည့်ပါတီအား နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တပ်မတော်သားများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဆန္ဒမဲများပေးရာတွင်လည်း တိုင်းပြည်နှင့် ဒေသကောင်းကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအမြင်ရှိသူ၊ လွတ်လပ်ရေးရရှိပြီးကတည်းက ယနေ့ထက်တိုင် ခိုင်မာစွာတည်ရှိနေသည့် တပ်မတော်နှင့် စိတ်တူကိုယ်တူ လက်တွဲဆောင်ရွက်နိုင်သည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သည့်သူ၊ ဥပဒေနှင့်ပတ်သက်၍ အသိပညာရှိသူများကိုရွေးချယ်၍ ဆန္ဒမဲများပေးနိုင်ရန်လိုကြောင်း၊ တပ်မတော်သည် နိုင်ငံတော်နှင့် အမျိုးသားရေးကို သစ္စာရှိစွာဖြင့် ခေတ်အဆက်ဆက်ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်းဖြင့် ဦးစွာပြောကြားပြီး တပ်မတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေရမှုအခြေအနေများ၊ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက် ကြုံတွေ့ခဲ့ရသည့် ပြည်တွင်းပဋိပက္ခများနှင့် ပြည်ပမှကျူးကျော်မှုများကို "တိုက်ရင်းလေ့ကျင့်၊ လေ့ကျင့်ရင်းတိုက်" ဟူသည့်အတိုင်း အခက်အခဲများကြားမှ သောင်းကျန်းသူချေမှုန်းမှု စစ်ဆင်ရေးများကို ဆင်နွှဲခဲ့ရမှုအခြေအနေများ၊ နိုင်ငံတော်မှ ခေတ်အဆက်ဆက်ကျင့်သုံးဆောင်ရွက်ခဲ့သည့် နိုင်ငံရေးစနစ်များနှင့် ကြုံတွေ့ခဲ့ရမှုများ၊ ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ အုတ်မြစ်ချဆောင်ရွက်ပေးခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**ရွေးချယ်၍ဆန္ဒမဲပေး**

ဆက်လက်ပြောကြားရာတွင် တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို စနစ်တကျဖြစ်ပေါ်လာအောင် ဦးဆောင်၍ ဖော်ဆောင်ပေးခဲ့သည့် အဖွဲ့အစည်းဖြစ်သကဲ့သို့ မြန်မာ့ဒီမိုကရေစီစနစ်ခိုင်မာအောင် တည့်မတ်ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းတစ်ခုပင်ဖြစ်ကြောင်း၊ ပထမဒီမိုကရေစီအစိုးရသက်တမ်းနှင့် ဒုတိယဒီမိုကရေစီအစိုးရသက်တမ်းတွင်လည်း တပ်မတော်သည် ဒီမိုကရေစီအစိုးရအဖွဲ့များနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးပဋိပက္ခများနှင့် လက်နက်ကိုင်အကြမ်းဖက်မှုများအကြားမှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက်ကိုလည်း တပ်မတော်ကသာ ဦးဆောင်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် တပ်မတော်နှင့် လက်တွဲဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးအမြင်ရှိသူများကို ရွေးချယ်၍ ဆန္ဒမဲပေးကြရန်လိုကြောင်း၊ တပ်မတော်သားများအားလုံးအနေဖြင့် မိမိတို့နိုင်ငံ၏ ဖြတ်သန်းခဲ့ရသည့်သမိုင်းကြောင်းများကို မှန်မှန်ကန်ကန်သိရှိရန်အတွက် စာအုပ်စာပေများကို ဖတ်ရှုလေ့လာနေရန်လိုကြောင်း။

**ရှင်းလင်းဆောင်ရွက်နေရ**

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေသည့် အခိုင်အမာဆုံးအဖွဲ့အစည်းတစ်ခုပင်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီးချိန်မှစတင်၍ ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုများကို ယနေ့အချိန်အထိ တပ်မတော်အနေဖြင့် ရှင်းလင်းဆောင်ရွက်နေရကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အမြဲအသင့်ဖြစ်နေစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့အသင့်ဖြစ်နေရန်အတွက် မိမိတို့နေ့စဉ်ဆောင်ရွက်ရမည့် လေ့ကျင့်ရေးလုပ်ငန်းများကို အမြဲမပြတ်ဆောင်ရွက်နေရန်နှင့် မိမိတို့ကိုယ်စီထမ်းဆောင်နေရသည့် တာဝန်များကိုကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားများ၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်းကို မှန်မှန်ကန်ကန်ဆောင်ရွက်သွားမည်ဆိုပါက သက်သာချောင်ချိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

**အောင်မြင်အောင်ဆောင်ရွက်**

တပ်မတော်သားများအားလုံးအနေဖြင့် မိမိတို့ကိုပေးအပ်ထားသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန်နှင့် မိမိကိုယ်တိုင်၊ တပ်မတော်နှင့် နိုင်ငံတော်အတွက် အကျိုးရှိမည်ဆိုပါက လုပ်ငန်းများကိုအောင်မြင်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

**စားသောက်ဖွယ်ရာများပေးအပ်**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

**ရင်းနှီးနွေးထွေးစွာအားပေး**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ ပြည်သူ့စစ်မှုထမ်းများအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိစစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များအားမေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ စစ်မှုထမ်းဟောင်းအိမ်ရာသို့ ရောက်ရှိကြပြီး အိမ်ရာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အိမ်ရာတွင်နေထိုင်လျက်ရှိကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များမေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ကျက်သရေဆောင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

နေပြည်တော် ဒီဇင်ဘာ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီးပြည်မြို့ကျက်သရေဆောင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော် ကြည်ညို၍ ပြည်မြို့ညနေနေဝင်ချိန်ရှုခင်းအား ကြည့်ရှုသည်။

## ဖူးမြော်ကြည်ညို

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း ကပ်လှူပူဇော်သည်။

ဆက်လက်၍ ရွှေဆံတော်စေတီတော် ဗုဒ္ဓပြတိုက်အတွင်း၌ Pagoda Digital Directory Online Website ဆောင်ရွက်ထားရှိမှုအခြေအနေများအား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြရာ အွန်လိုင်းတွင် ဖော်ပြရာ၌ ဘုရားများ၏ သမိုင်းအထောက်အထားများ ခိုင်ခိုင်မာမာဖြစ်ရန်လိုကြောင်း၊ ဓာတ်ပုံများကိုလည်း ခေတ်နှင့်လျော်ညီသည့် ဓာတ်ပုံအရည်အသွေးများ ဖြစ်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။ ထို့နောက် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက်၌ သွန်းလောင်းပူဇော်ခဲ့ကြသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် သမိုင်းအထောက်အထားများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ပြည်မြို့ကျက်သရေဆောင် လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ပြည်မြို့ကျက်သရေဆောင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

အလားတူ ယနေ့ညနေပိုင်းတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပြည်မြို့ ကမ်းနားလမ်းသို့ ရောက်ရှိပြီး ကမ်းနားလမ်းရှိ ခေတ္တရာ ညဈေးတန်း၌ ဒေသရိုးရာအစားအသောက်များ၊ ဈေးဆိုင်ခန်းများ ဖွင့်လှစ် ရောင်းချနေမှုများကို လိုက်လံကြည့်ရှုပြီး ဈေးရောင်းချနေသူများနှင့် လာရောက်စားသုံးကြသည့် ပြည်သူလူထုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများ၊ ယာဉ်ရပ်နားရန်နေရာများ စနစ်တကျဖြစ်ရန်လိုသည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ပြည်မြို့ ကမ်းနားလမ်းရှိ ခေတ္တရာညဈေးတန်း၌ လာရောက်စားသုံးကြသည့် ပြည်သူလူထုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ပြည်မြို့ ကမ်းနားလမ်းရှိ ခေတ္တရာညဈေးတန်း၌ ဈေးဆိုင်ခန်းများဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုပြီး ဝယ်ယူအားပေးစဉ်။

## ဧရာဝတီမြစ်ရေ လက်ရှိရေမှတ်အောက် ကျဆင်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၀

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၃၄၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ဒီဇင်ဘာလ တတိယ (၁၀)ရက်ပတ်အတွင်း လက်ရှိရေမှတ်အောက် တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

မိုး/ဇလ

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၀

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်

၇

ရက်

သာ လိုတော့သည်။

## ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ဆွာချောင်းတံတား ရေတိုက်စားကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ဆင်သေချောင်း ရေကြီးရေလျှံမှု လျှော့ပါးရေးလုပ်ငန်း၊ ဥယျာဉ်တံတား အဝင်ရေလမ်းပိုင်းနှင့် သိုက်ချောင်းတံတား ရေလမ်းပိုင်း သောင်တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၀

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေး(အမြန်လမ်း) ဆွာချောင်းတံတား ရေတိုက်စားကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ နေပြည်တော်ကောင်စီနယ်မြေ ဆင်သေချောင်း ရေကြီးရေလျှံမှု လျှော့ပါးရေးလုပ်ငန်း၊ ဥယျာဉ်တံတားအဝင်ရေလမ်းပိုင်းနှင့် သိုက်ချောင်းတံတားရေလမ်းပိုင်း သောင်တူးဖော်ခြင်း၊ အထောက်အကူပြုရေလွှဲရေကာများ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဆွာချောင်းတံတား စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးချိန်တွင် Steel Basket ရေကာများနှင့် တံတားရေလယ်တိုင်များ အနေအထားအရ ရေလမ်းကြောင်း ကောင်းမွန်စေရန်နှင့် ရေရှည်တွင် ချောင်းစီးဆင်းမှု မှန်ကန်စေရေး တိုင်းတာစစ်ဆေးမှုများ ပူးပေါင်းဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆွာချောင်းတံတားသည် ၂၀၂၅ ခုနှစ် ဇွန်လအတွင်း တောင်တရုတ်ပင်လယ်ပြင်မှ ဝင်ရောက်ခဲ့သော မုန်တိုင်းမိုးများကြောင့် တံတား၏ ရန်ကုန်ဘက်ခြမ်း ကမ်းကပ်ခုံရေတိုက်စားပျက်စီးခဲ့ရပြီး နိုင်ငံတော်ယာယီသမ္မတ၏ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးခရီးစဉ်တွင် **"ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးရှိ ဆွာချောင်းတံတားသို့ ရေစီးကြောင်း မှန်ကန်စွာ စီးဆင်းစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန်"** လမ်းညွှန်မှာကြားခဲ့ခြင်းအပေါ် ဆွာချောင်းရေတိုက်စားမှု ကာကွယ်ရန်နှင့် တံတားအဝင်ရေလမ်းကောင်းမွန်စေရန်တို့အတွက် Gabion Box ကျောက်ဖြည့်မြေထိန်းနံရံ အလျား ပေ ၁၃၅၀၊ Steel Basket ရေကာအလျား ပေ ၉၀၀ နှင့် သုံးတန်းသွား မျောတိုင်တန်းရေကာ အလျားပေ၁၅၀၆ခုတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အထွေထွေပိုလျှံရန်ပုံငွေ (GRF)ဖြင့် ၂၀၂၅ ခုနှစ် ဩဂုတ် ၈ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းသည် ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေတွင် ၂၀၂၄ ခုနှစ်အတွင်း ရာဂီမုန်တိုင်းဒဏ်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ဆင်သေချောင်းတစ်လျှောက်ရှိ ပတ်ဝန်းကျင်ကျေးရွာများနှင့် လမ်းတံတားများ ထိခိုက်ပျက်စီးမှုများစွာဖြစ်ပေါ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်ယာယီသမ္မတ၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် နေပြည်တော်ကောင်စီအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည့်ခရီးစဉ် လမ်းညွှန်မှာကြားချက်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဥယျာဉ်တံတားအဝင်ရေလမ်းနှင့် ရေထိန်းရေကာများ တည်ဆောက်ရေးလုပ်ငန်းနေရာသို့ ရောက်ရှိစစ်ဆေးသည်။

ဥယျာဉ်တံတား ရေလမ်းကြောင်းပြုပြင်ရေးစီမံကိန်းသည် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဆင်သေချောင်းအား ဖြတ်သန်းတည်ဆောက်ထားသော တံတားဖြစ်ပြီး ရာဂီမုန်တိုင်းဒဏ်ကြောင့် ကမ်းပြိုကမ်းစားဖြစ်ပေါ်မှုများကြောင့် တံတားပျက်စီးမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ၏ လမ်းညွှန်ချက်အရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စီမံကိန်းတစ်ခုဖြစ်ပြီး ဆင်သေချောင်းရေစီးရေလာ ကောင်းမွန်ရေးနှင့် ရေကြီးရေလျှံမှု လျှော့ပါးရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ဥယျာဉ်တံတားအဝင်ရေလမ်းနှင့် သိုက်ချောင်းတံတား ရေလမ်းကောင်းမွန်ရေးအစီအမံများကို ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်သည်။

ဥယျာဉ်တံတားအဝင်ရေလမ်းပိုင်းတွင် အလျားမီတာ ၃၀၀၀ ၊ သိုက်ချောင်းတံတားရေလမ်းတွင် အလျား မီတာ ၃၂၅၀ ရှိ သောင်တူးဖော်ခြင်းလုပ်ငန်းများကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် စတင်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းပြီးစီးမှုမှာ ၂၈ ရာခိုင်နှုန်းရှိပြီဖြစ်ပြီး အထောက်အကူပြု Steel Basket ရေလွှဲရေကာများ တည်ဆောက်ခြင်း အလျားပေ ၈၅၀၅ ခု နှင့် Steel Basket မြေထိန်း နံရံအလျားပေ ၁၅၀၅ ခု တို့ကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းပြီးစီးမှုမှာ ၆၇ ရာခိုင်နှုန်းရှိပြီဖြစ်သည်။

ထိုသို့ကြည့်ရှုစဉ် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း)က လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းများ အရည်အသွေးပြည့်ဝစွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဆင်သေချောင်းရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေရှည်ဆောင်ရွက်သင့်သောလုပ်ငန်းများ၊ ဥယျာဉ်တံတားနှင့် သိုက်ချောင်းတံတားတို့ ရေရှည်တည်တံ့စေရေးဌာနမှ စစ်ဆေးဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဆင်သေချောင်း၏ သဲနုန်းကျဆင်းမှုအား ရေရှည်တွင် ထိန်းသိမ်းရမည့်လုပ်ငန်းများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## စိုက်ပျိုးရေးဦးစီးဌာနမှ ပန်းတိုင်အထွက်နှုန်းသတ်မှတ်ထားသည့် သီးနှံ(၁၀)မျိုးနှင့်စပ်လျဉ်း၍ စစ်တမ်းများ ကောက်ယူ

**အောင်လံ ဒီဇင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့် သီးနှံ(၁၀)မျိုးနှင့်စပ်လျဉ်း၍ တောင်သူများအား ပန်းတိုင်ရည်မှန်းချက်၊ အထွက်နှုန်းမကောင်းရခြင်း အကြောင်းအရာများအား စစ်တမ်းကောက်ယူခြင်းလုပ်ငန်းများကို ယမန်နေ့ မွန်းလွဲ ၃ နာရီက စတင်၍ ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများကို အောင်လံမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာများတွင် တောင်သူများအား ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့် သီးနှံ(၁၀) မျိုးဖြစ်သော မိုးစပါး၊ နွေစပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါ၊ ချက်ကြံရင့် တို့အား အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ပြည့်ပြည့်စုံစုံမရခြင်း၊ မျိုးမကောင်းခြင်း(ရ၊ မရ)၊ မြေပြုပြင်မှု အားနည်းခြင်း၊ မြေပြုပြင်ရန် လိုအပ်ခြင်း(လို၊ မလို)၊ လိုအပ်သည့် ဓာတ်မြေဩဇာ ပြည့်ပြည့်ဝဝ မထည့်နိုင်ခြင်း(ထည့်နိုင်၊ မထည့်နိုင်)၊ မိုးကောင်းရေသောက် မိုးရေလုံလောက်စွာ မရရှိခြင်း၊ စိုက်ပျိုးရေလုံလောက်စွာ မရရှိခြင်း(ရှိ၊ မရှိ)၊ အောင်ရေမရရှိ ခြင်း၊ မလုံလောက်ခြင်း(ရှိ၊ မရှိ)၊ ကောက်စိုက်သမ အခက်အခဲရှိခြင်း၊ ငွေရမ်းခဈေးကြီးခြင်း (ကြီး၊ မကြီး)၊ ကောက်ကွက် ပြည့်အောင် မစိုက်နိုင်ခြင်း၊ ပင်ကြားတန်းကြား အပြည့်မစိုက်နိုင်ခြင်း (စိုက်နိုင်၊ မစိုက်နိုင်)၊ ပန်းတိုင်အထွက်နှုန်း (ရရှိခြင်း၊ မရရှိခြင်း) စသည်တို့ကို စစ်တမ်းများ ကောက်ယူခဲ့ကြသည်။



ထိုကဲ့သို့ စစ်တမ်းများ ကောက်ယူရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှရွှေနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကောက်ယူခဲ့ပြီး ကျေးရွာတာဝန်ကျ ဝန်ထမ်းတစ်ဦးလျှင် တောင်သူ ၁၀၀ ဦး စစ်တမ်းကောက်ယူ၍ စုစုပေါင်း ဝန်ထမ်းကိုးဦးနှင့် တောင်သူ ၉၀၀ ဦး ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

မျိုးသိန်း(ပြန်/ဆက်)

၀-၀-၀-၀-၀

## တောင်သူများထံ မြေပြင်ကွင်းဆင်းကာ ပန်းတိုင်အထွက်နှုန်းရရှိရေး စစ်တမ်းကောက်ယူဆောင်ရွက်

**စဥ့်ကိုင် ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊စဥ့်ကိုင်မြို့နယ် ဒ္ဒ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ၏ မျိုး၊ မြေ၊ ရေ၊ နည်း နည်းပညာ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဒီဇင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် စဥ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာများအရောက် တောင်သူများထံ မြေပြင်ကွင်းဆင်း စစ်တမ်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ မြေပြင်ကွင်းဆင်း စစ်တမ်းကောက်ယူရာတွင် မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး၏လမ်းညွှန်မှုဖြင့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းဇော် ဦးဆောင်၍ စိုက်ပျိုးရေးဝန်ထမ်းများက ပန်းတိုင်အထွက်နှုန်းရရှိရေး အဓိကသီးနှံ ခုနစ်မျိုး စိုက်ပျိုးထားသည့် ကျေးရွာအုပ်စု ၃၂ အုပ်စု၊ ကျေးရွာ ၄၄ ရွာမှ တောင်သူ ၁၃၀၀ ဦးအား ပန်းတိုင်အထွက်နှုန်းမရရှိခြင်းအကြောင်း မျိုး၊ မြေ၊ ရေ၊ နည်း နည်းပညာနှင့်ပတ်သက်၍ မြေပြင်ကွင်းဆင်းစစ်တမ်းကောက်ယူခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ကျော်စွာ(စဥ့်ကိုင်)

# မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူ သားဖွားဆရာမ တစ်ဦးအပါအဝင်အပြစ်မဲ့ဒေသခံပြည်သူ ခြောက်ဦးတို့အား ရက်စက်စွာလုပ်ကြံသတ်ဖြတ်

နေပြည်တော် ဒီဇင်ဘာ ၂၀

အကြမ်းဖက်အဖွဲ့များ ဖြစ်သော CRPH နှင့် NUG တို့သည် နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များကို ဖွဲ့စည်း၍ အချို့သောဒေသများတွင် နိုင်ငံတော်မှ ပေးအပ်လာသောတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည့် သစ္စာရှိအစိုးရဝန်ထမ်းများ၊ သာသနာ့အကျိုး သယ်ပိုးထမ်းဆောင်လျက်ရှိသော ရဟန်းသံဃာများ၊ အေးချမ်းစွာနေထိုင်လျက်ရှိသော အပြစ်မဲ့ဒေသခံ ပြည်သူများအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ရက်စက်စွာပစ်ခတ် သတ်ဖြတ်ခဲ့သော အပြစ်မဲ့ဒေသခံပြည်သူများ။



မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သော ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူ သားဖွားဆရာမတစ်ဦး။




ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများသည် ပြည်သူလူထုအကြား အကြောက်တရားလွှမ်းမိုးစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် လယ်ကြီးကျေးရွာအုပ်စု လယ်ကြီးကျေးရွာနေ အုပ်ချုပ်ရေးမှူး ဦးလှမင်းကြည် (ဘ)ဦးလှထူးနှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ချိုချိုမြင့် (ဘ) ဦးရွှေသောင်းတို့အား လည်းကောင်း၊ မလှိုင်မြို့နယ် မျက်သီးကျင်း (မြောက်) ကျေးရွာနေ ကုန်စုံဆိုင်လုပ်ကိုင်သူ ဒေါ်လှရှင်း (ဘ) ဦးမွှေး၊ ဒေါ်ယဉ်ယဉ်အောင် (ဘ) ဦးညွန့်ရွှေနှင့် ဦးမိုးသူ(ခ)တရုတ်ကြီး (ဘ) ဦးညွန့်ရွှေတို့အားလည်းကောင်း၊ မလှိုင်မြို့နယ် ရုံးတောကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူ သားဖွားဆရာမ ဒေါ်အေးအေးခိုင် (ဘ) ဦးကျော်ဝင်းအား လည်းကောင်း ၎င်းတို့ နေအိမ်အသီးသီး၌ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်၍ ယုတ်မာရိုင်းစိုင်းစွာ ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် သားဖွားဆရာမဖြစ်သူ ဒေါ်အေးအေးခိုင်အပါအဝင် အပြစ်မဲ့ဒေသခံပြည်သူ ခြောက်ဦးတို့သည် ကျည်ထိမှန်ဒဏ်ရာများဖြင့် ၎င်းတို့နေအိမ်အသီးသီး၌ပင် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်တွင် PDF အမည်ခံအကြမ်းဖက်သမားများသည် နိုင်ငံတော်မှ ပေးအပ်လာသောတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည့် သစ္စာရှိအစိုးရဝန်ထမ်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာ သတ်ဖြတ်ခဲ့ကြသဖြင့် ဒေသတွင်း လူမှုစီးပွား၊ ကျန်းမာရေးကဏ္ဍများ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်ခဲ့ရပြီး ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်လုပ်ဆောင်ခဲ့ကြသည့် PDF အမည်ခံအကြမ်းဖက်သမားများအား ဒေသခံပြည်သူများက ကန့်ကွက်ရှုတ်ချလျက် ရှိပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ PDF အမည်ခံအကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးဖော်ထုတ်ရမိရေး လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မြဝတီမြို့အတွင်း တရားမဝင်နိုင်ငံခြားသားများ ဖမ်းဆီးရရှိမှုကို တွေ့ရစဉ်။



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားသူများအသုံးပြုခဲ့သည့် အသုံးဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားသူများ အသုံးပြုခဲ့သည့် အသုံးဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။

◆ စာမျက်နှာ ၂၄ မှ

စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြဝတီမြို့အတွင်း၌လည်း တရားမဝင် ဝင်ရောက်နေထိုင်သူများနှင့် အွန်လိုင်းလောင်းကစား ကျူးလွန်သူများအား ဖမ်းဆီးရမိရေး လုံခြုံရေးပူးပေါင်းအဖွဲ့များက သတင်းအရ မြဝတီမြို့ဝန်းကျင်တွင် ရှောင်တခင်စစ်ဆေးခြင်းများ၊ မြဝတီမြို့အဝင်/အထွက် လမ်းကြောင်းနေရာများနှင့် လမ်းဆုံလမ်းခွနေရာများတွင် ပိတ်ဆို့စစ်ဆေး ရှာဖွေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း တရားမဝင်တစ်ထပ် အဆောက်အအုံငါးလုံးအား ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး အဆိုပါအဆောက်အအုံများ အနက်မှ မြဝတီမြို့ မြေနီကုန်းရပ်ကွက်အနီး လူမနေပိတ်ထားသည့် တည်းခိုခန်းအတွင်း၌ တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား ၁၅ ဦးအားလည်းကောင်း၊ ဂိုဒေါင်နှစ်လုံးအတွင်း၌ တရားမဝင်ကုန်ပစ္စည်းများဖြစ်သော ကားကြီးတာယာ (ဆိုက် TX ၆၀) အလုံး ၂၀၀၊ မိုးကာလိပ်အစိမ်း အလိပ် ၃၀၀၀၊ စက္ကူလိပ်(အကြီး)အလိပ် ၂၀၊ Air Fiter ဘူး(အကြီး)အလုံး ၂၀၊ Air Fiter ဘူး(အသေး) အလုံး ၃၀၊ Battery စက်ဘီး ၁၆ စီး၊ ရေစုပ်မော်တာ (၁ . ၅ ကောင်) အလုံး ၁၀၀၊ Back Hoe ဘီးခွေ ၂၅ ခု၊ တစ်ရှူးဖာမျိုးစုံ ၃၀၀၀၊ စာရေးကိရိယာမျိုးစုံ ဖာ ၁၀၀၀၊ အလှကုန်ပစ္စည်းအထုပ် ၂၅၀၊ သွပ်ဖာဆီလီကွန်ဖာ ၁၈၀၀၊ စက်ဘီးအစီး ၂၀၊ ကလေးတွန်းလှည်း ၁၅ ခု စုစုပေါင်း တရားမဝင်ကုန်ပစ္စည်း ၁၄ မျိုးအားလည်းကောင်း သိုလှောင်ထားရှိကြောင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိတရားမဝင်ကုန်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပါဝင်ပတ်သက်သူများအား ဆက်လက်စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ရေးနှင့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်း ပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးကို မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်နှိမ်နင်းသွားမည်ဖြစ်ပြီး ၎င်းလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်နေသူများကို ဖော်ထုတ်ဖမ်းဆီး၍ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်





## (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

၂၀-၁၂-၂၀၂၅

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၂၃၃ | ၁၅၄ | ၁၁၂ | ၄၉၉ |
| ၂ | အင်ဒိုနီးရှား | ၉၁ | ၁၁၁ | ၁၃၁ | ၃၃၃ |
| ၃ | ဗီယက်နမ် | ၈၇ | ၈၁ | ၁၁၀ | ၂၇၈ |
| ၄ | မလေးရှား | ၅၇ | ၅၇ | ၁၁၇ | ၂၃၁ |
| ၅ | စင်ကာပူ | ၅၂ | ၆၁ | ၈၉ | ၂၀၂ |
| ၆ | ဖိလစ်ပိုင် | ၅၀ | ၇၃ | ၁၅၄ | ၂၇၇ |
| ၇ | မြန်မာ | ၃ | ၂၁ | ၄၉ | ၇၃ |
| ၈ | လာအို | ၂ | ၉ | ၂၈ | ၃၉ |
| ၉ | ဘရူနိုင်း | ၁ | ၃ | ၅ | ၉ |
| ၁၀ | တီမော | ၀ | ၁ | ၇ | ၈ |

❖ စာမျက်နှာ ၂၄ မှ

ပိတ်ပွဲအခမ်းအနားသို့ ထိုင်းဒုတိယဝန်ကြီးချုပ် သာမနက် ပရွန်ဖေါင် တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။ ထိုင်းနိုင်ငံက ယခုနှစ်ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် (၇) ကြိမ်မြောက် လက်ခံယှဉ်ပြိုင် ကျင်းပခဲ့ခြင်းဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲကို ၁၉၅၉ ခုနှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုဆိုလျှင် (၃၃) ကြိမ်မြောက် အထိရှိလာပြီဖြစ်သည်။ ထိုစဉ်ကလည်း ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်ဆောင်ရွက်ခဲ့ပြီး အားကစားနည်း ၁၂ မျိုးဖြင့် ၁၉၅၉ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည်။

ပိတ်ပွဲ အခမ်းအနားတွင် နောက်ထပ်အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မလေးရှားနိုင်ငံသို့ ဆီးဂိမ်းအဖွဲ့ချုပ်အလံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့ကြောင့် (၃၄) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို လာမည့် ၂၀၂၇ ခုနှစ်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။

အဆိုပါ ပိတ်ပွဲအခမ်းအနားကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ မြန်မာအားကစားအဖွဲ့ ခေါင်းဆောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် မြန်မာအားကစားအဖွဲ့မှ အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ နိုင်ငံပေါင်း ၁၀ နိုင်ငံမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်သည်။

နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုတွင် ထိုင်းနိုင်ငံက ရွှေ ၂၃၃ ခု၊ ငွေ ၁၅၄ ခုနှင့် ကြေး ၁၁၂ ခု စုစုပေါင်း ဆုတံဆိပ် ၄၉၉ ခုဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေသည်။ ယင်းနောက်တွင် အင်ဒိုနီးရှားနိုင်ငံက ရွှေ ၉၁ ခု၊ ငွေ ၁၁၁ ခု၊ ကြေး ၁၃၁ ခု စုစုပေါင်း ဆုတံဆိပ် ၃၃၃ ခုဖြင့် ဒုတိယ၊ ဗီယက်နမ်နိုင်ငံက ရွှေ ၈၇ ခု၊ ငွေ ၈၁ ခု၊ ကြေး ၁၁၀ ခု စုစုပေါင်း ဆုတံဆိပ် ၂၇၈ ခုဖြင့် တတိယ၊ မလေးရှားနိုင်ငံက ရွှေတံဆိပ် ၅၇ ခု၊ ငွေ ၅၇ ခု၊ ကြေး ၁၁၇ ခု စုစုပေါင်း ၂၃၁ ခုဖြင့် စတုတ္ထ၊ စင်ကာပူနိုင်ငံက ရွှေ ၅၂ ခု၊ ငွေ ၆၁ ခုနှင့် ကြေး ၈၉ ခု စုစုပေါင်း ၂၀၂ ဖြင့် ပဉ္စမ၊ ဖိလစ်ပိုင်နိုင်ငံက ရွှေ ၅၀၊ ငွေ ၇၃ ခုနှင့် ကြေး ၁၅၄ ခု စုစုပေါင်း ၂၇၇ ခုဖြင့် ဆဋ္ဌမနေရာတွင် အသီးသီး ရပ်တည်နိုင်ခဲ့သည်။

နိုင်ငံအလိုက် အဆင့်ရပ်တည်မှုတွင် မြန်မာနိုင်ငံက ရွှေ ၃ ခု၊ ငွေ ၂၁ ခုနှင့် ကြေး ၄၉ ခု စုစုပေါင်း ဆုတံဆိပ် ၇၃ ဖြင့် အဆင့် (၇) တွင် ရပ်တည်နိုင်ခဲ့သည်။ဇော်ဇော်






## မြန်မာအီလက်ထရောနစ်မဲပေးစက်များ အသုံးပြုနည်း မွမ်းမံသင်တန်းဖွင့်

**မိတ္ထီလာ ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်များ အသုံးပြုနည်း မွမ်းမံသင်တန်းကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မိတ္ထီလာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးက ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်မည့်ဝန်ထမ်းများ တာဝန်ကျရာ မဲရုံသို့ သွားရောက်ရမည့် အစီအစဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မိတ္ထီလာမြို့နယ် ရွေးကောက်ပွဲအရာရှိ ဒေါ်တင်မိုးလတ်က ရွေးကောက်ပွဲကာလတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်များ လက်တွေ့ကိုင်တွယ်အသုံးပြုရာတွင် အမှားအယွင်းမဖြစ်ပေါ်စေရေး ပြန်လည်ဆွေးနွေးပို့ချခဲ့သည်။

ယင်းနောက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုမည့် မဲရုံအတွက် ခင်းကျင်းပြသမှုအား မိတ္ထီလာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၄၆၉)**

## မြစ်သားမြို့နယ်တွင် ပန်းမျိုးစုံစိုက်ပျိုးရောင်းချသူများ နေ့စဉ် မိသားစုအပိုဝင်ငွေရရှိ

**မြစ်သား ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် တစ်ပိုင်တစ်နိုင် ပန်းမျိုးစုံ စိုက်ပျိုးရောင်းချသူများ နေ့စဉ် မိသားစုအပိုဝင်ငွေရရှိပြီး လုပ်ငန်းအဆင်ပြေလျက်ရှိသည်။

မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်လျက်ရှိပြီး ရာသီအလိုက် သီးနှံများနှင့် သီးထပ်၊ သီးညှပ် စားသုံးသီးနှံများအပြင် ပန်းမျိုးစုံကိုလည်း တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းအဖြစ် စိုက်ပျိုးလုပ်ကိုင်ကြသည်။ စိုက်ပျိုးသည့် ပန်းမျိုးများမှာ ရေမွှေးပန်း၊ မေမြို့ပန်း၊ သပြေပန်း၊ နှင်းဆီပန်း၊ ရက်တစ်ရာပန်း၊ သစ္စာ ပန်း၊ စံပယ်ပန်း၊ ဇွန်ပန်း စသည့် ပန်းမျိုးစုံ စိုက်ပျိုးကြပြီး နေ့စဉ် အရောင်းအဝယ် ဖြစ်ထွန်းလျက်ရှိသည်။ ပန်းအမျိုးအစားပေါ်မူတည်ပြီး ရင်းနှီးကုန်ကျစရိတ်ကွာခြားသော်လည်း စိုက်ပျိုးမှုအောင်မြင်ပါက အကျိုးအမြတ်များစွာရရှိကြောင်း၊ ရောင်းချရာတွင်လည်း ပန်းအမျိုးအစားအလိုက် ဈေးနှုန်းကွာခြားလျက်ရှိကြောင်း၊ လက်ရှိတွင် မေမြို့ပန်းတစ်စည်းကို ငွေကျပ် ၁၅၀၀ မှ ၂၀၀၀၊ နှင်းဆီပန်းတစ်ပွင့်လျှင် ငွေကျပ် ၅၀၀၊ ရက်တစ်ရာပန်းတစ်ပင်ကို ငွေကျပ် ၅၀၀ မှ ၂၀၀၀၊ သပြေပန်းတစ်စီးကို ငွေကျပ် ၅၀၀ မှ ၃၀၀၀ စသည်ဖြင့် ဈေးနှုန်းအသီးသီးရှိကြောင်း စည်ပင်သာယာမြို့မဈေးကြီး၌လည်းကောင်း၊ ဗိုလ်ချုပ်လမ်းမကြီး၌လည်းကောင်း လက်လီစနစ်ဖြင့် ရောင်းချနေကြောင်း ပန်းမျိုးစုံရောင်းချသူတစ်ဦးထံမှ သိရသည်။

**ဝင်းမင်းထွန်း(မြန်/ဆက်)**

## စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးစိုက်တောင်သူများအား ဝန်ဆောင်မှုပေးလျက်ရှိ

**ကျောက်ဆည် ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ စပါးရိတ်သိမ်းရာသီတွင် စပါးစိုက်တောင်သူများ ရိတ်သိမ်းလွန်ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေး ရိတ်သိမ်းခြွေလှေ့စက်များဖြင့် စပါးစိုက်တောင်သူများ ဝန်ဆောင်မှုပေးလျက်ရှိသည်။

ထိုသို့ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာ၌ စပါး တစ်ဧက ငွေကျပ် ၇၅၀၀၀ ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိရာ ယမန်နေ့က ငါးလုံကုန်းကျေးရွာ ကွင်းအမှတ်(၁၆၂)၊ ဦးပိုင်အမှတ် (၇၂/၁) တောင်သူ ဒေါ်ဌေးဌေးဝင်း၊ မြောင်းဦးကျေးရွာ ကွင်းအမှတ်(၁၈၁)၊ ဦးပိုင်အမှတ် (၅၉/၄)နှင့် ဦးပိုင်အမှတ်(၁/၇) တောင်သူ ဦးစက်ပိုင်စိုး၏ စပါးစိုက်ခင်းများအား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးစိုက်ခင်းများအား ရိတ်သိမ်းခြင်းဝန်ဆောင်မှုများ ပေးခဲ့သည်။

ကျောက်ဆည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် စပါးစိုက်တောင်သူများအား စပါးရိတ်သိမ်းခြွေလှေ့ခြင်းဝန်ဆောင်မှုများအပြင် ရိတ်သိမ်းပြီး စပါးစိုက်ခင်းများအား အခြားသီးနှံမျိုးစုံ အချိန်မီစိုက်ပျိုးနိုင်ရေး ထွန်စက်၊ ထယ်စက်များဖြင့် တစ်ဧက ငွေကျပ် ၄၆၂၅၀ ဖြင့် မြေပြုပြင်ခြင်းများ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၅)**






## ဗင်းဆင့်အီဘရာဟီမိုဗစ် အေစီမီလန်အသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆို



**မီလန် ဒီဇင်ဘာ ၂၀**

အေစီမီလန်အသင်းသည် ဂန္တဝင် တိုက်စစ်မှူး အီဘရာဟီမိုဗစ်၏ သားဖြစ်သူ ဗင်းဆင့် အီဘရာဟီမိုဗစ်ကို ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၇)နှစ်အရွယ်ရှိ ဗင်းဆင့်အီဘရာဟီမိုဗစ်သည် ကွင်းလယ်ခံစစ်ကစားသမားတစ်ဦးဖြစ်ပြီး ၄င်းဖခင်လို အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရမှုကြောင့် အေစီမီလန်အသင်းက ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အေစီမီလန်အသင်းထုတ်ပြန်ချက်တွင် 'ဗင်းဆင့်အီဘရာဟီမိုဗစ်အား ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုခဲ့ပါတယ်။ သူ့အနေနဲ့လည်း အနာဂတ်မှာ အသင်းအတွက် များစွာအထောက်အကူပြုနိုင်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်'ဟု ထုတ်ပြန်သည်။

(အပေါ်ဝဲပုံ) (NGB)

## အီမိုင်းဟို့ဂျ်ဘတ်ဂျ်ကို ခေါ်ယူရန် ဂျူဗင်တပ်အသင်း စီစဉ်

**တူရင် ဒီဇင်ဘာ ၂၀**

ဂျူဗင်တပ်အသင်းသည် မာဆေးလ်အသင်း ကွင်းလယ်ကစားသမား အီမိုင်းဟို့ဂျ်ဘတ်ဂျ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၀)အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မာဆေးလ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၂၀ကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

မာဆေးလ်အသင်းကလည်း အီမိုင်းဟို့ဂျ်ဘတ်ဂျ်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက မည်သည့်အသင်းကို မဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် မာဆေးလ်အသင်းထံမှ အီမိုင်းဟို့ဂျ်ဘတ်ဂျ်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။




(အပေါ်ပုံ) (NGB)

## ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲအဆင့်သို့ ဘိုလော့ဂ်နာအသင်းတက်ရောက်

**တူရင် ဒီဇင်ဘာ ၂၀**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲအဆင့်သို့ ဘိုလော့ဂ်နာအသင်းက တက်ရောက်နိုင်ခဲ့သည်။



ဘိုလော့ဂ်နာအသင်းသည် ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ်အဆင့်တွင် အင်တာမီလန်အသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဘိုလော့ဂ်နာအသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲစဉ်အဖြစ် လာမည့် ဒီဇင်ဘာ ၂၃ ရက်တွင် နာပိုလီအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## ဘောလုံးသတင်းအတိုအထွာများ

* မန်ယူအသင်းသည် လာမည့်ဆောင်းရာသီဈေးကွက်အတွင်းတွင် ဘုန်းမောက်အသင်း တိုက်စစ်မှူး ဆီမီညိုကို ခေါ်ယူရန် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၁၅)အဖြစ် ယနေ့နံနက်ပိုင်းက ဒေါ့မွန်အသင်းနှင့် ဂလာဘတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဒေါ့မွန်အသင်းက ဂလာဘတ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

* ၂၀၂၅ခုနှစ်အတွက် ဆွီဒင်အသင်းတစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုကို လီဗာပူးအသင်းတိုက်စစ်မှူး အီဆက်ခ်က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

(NGB)

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၁-၁၂-၂၀၂၅<br>ည ၇း၃၀နာရီ | (၁၈) ဂျီရိုနာ - အက်သလက်တီကို(၄)<br>(D,D,L,L,W) (L,L,W,W,W) | ဂျီရိုနာ ၀-၄ အက်သလက်တီကို<br>အက်သလက်တီကို ၃-၀ ဂျီရိုနာ |
| ၂၁-၁၂-၂၀၂၅<br>ည ၉း၄၅နာရီ | (၃) ဗီလာရီးရဲလ် - ဘာစီလိုနာ (၁)<br>(W,W,W,L,L) (W,W,W,W,W) | ဗီလာရီးရဲလ် ၁-၅ ဘာစီလိုနာ<br>ဘာစီလိုနာ ၂-၃ ဗီလာရီးရဲလ် |
| ၂၂-၁၂-၂၀၂၅<br>နံနက် ၀၀း၀၀နာရီ | (၁၁) အယ်လ်ချီ - ဗယ်လက်ကာနို (၁၃)<br>(L,W,W,L,W) (W,L,W,D,W) | အယ်လ်ချီ ၄-၀ ဗယ်လက်ကာနို<br>ဗယ်လက်ကာနို ၂-၁ အယ်လ်ချီ ၂၀၂၂-၂၃ |
| ၂၂-၁၂-၂၀၂၅<br>နံနက် ၀၂း၃၀နာရီ | (၆) ဘက်တစ် - ဂီတာဖေး (၁၀)<br>(W,L,W,D,W) (W,W,L,L,L) | ဘက်တစ် ၂-၁ ဂီတာဖေး<br>ဂီတာဖေး ၁-၂ ဘက်တစ် |

## ဆာကာသည် အာဆင်နယ်အသင်းနှင့် ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်

**လန်ဒန် ဒီဇင်ဘာ ၂၀**

အာဆင်နယ်အသင်းသည် အသင်း၏ အဓိက တောင်ပံကစားသမား ဆာကာကို ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် အဆိုပါ စာချုပ်သစ်ကြောင့် တစ်ပတ်လုပ်ခလစာငွေ စတာလင်ပေါင် ၃၀၀၀၀၀ ထိရရှိမည်ဖြစ်ပြီး အာဆင်နယ်အသင်း သမိုင်းတစ်လျှောက် လုပ်ခလစာအများဆုံး ရရှိသည့် ပထမဆုံးကစားသမားအဖြစ်လည်း မှတ်တမ်းဝင်နိုင်မည်ဖြစ်သည်။

တောင်ပံကစားသမား ဆာကာသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၈၄ပွဲကစားကာ ၇၇ ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြထားသည်။

အာဆင်နယ်အသင်းထုတ်ပြန်ချက်တွင် 'ဆာကာကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမှာပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ'ဟု ထုတ်ပြန်သည်။

(အောက်ပုံ) (NGB)




## ရူဘင်နီဗက်စ်ကို ခေါ်ယူရန် မန်ယူနှင့် နယူးကာဆယ်တို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဒီဇင်ဘာ ၂၀**

ပရီးမီးယားလိဂ်ကလပ် အသင်းများဖြစ်သည့် မန်ယူ အသင်းနှင့်နယူးကာဆယ်အသင်းတို့သည် အယ်လ်ဟီလယ် အသင်း ကွင်းလယ်ကစားသမား ရူဘင်နီဗက်စ်ကို ခေါ်ယူရန် အပြိုင် စိတ်ဝင်စားလျက်ရှိသည်။



အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အယ်လ်ဟီလယ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၂ ပွဲကစားပြီး ၁၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ရူဘင်နီဗက်စ်ကိုယ်တိုင်ကလည်း အယ်လ်ဟီလယ်အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

ထို့ကြောင့် မန်ယူအသင်းနှင့် နယူးကာဆယ်အသင်းတို့အနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် အယ်လ်ဟီလယ်အသင်းထံမှ ရူဘင်နီဗက်စ်ကို မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လည်းဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၁-၁၂-၂၀၂၅<br>ည ၁၁း၀၀နာရီ | (၃) ဗီလာ - မန်ယူ (၆)<br>(W,W,W,W,W) (L,W,D,W,D) | ဗီလာ ၀-၀ မန်ယူ<br>မန်ယူ ၂-၀ ဗီလာ |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၁-၁၂-၂၀၂၅<br>ညနေ ၆း၀၀နာရီ | (၁၅) ကက်ဂလီယာရီ - ပီဇာ (၁၉)<br>(D,L,L,W,L) (W,D,L,L,L) | ——— |
| ၂၁-၁၂-၂၀၂၅<br>ည ၈း၃၀နာရီ | (၉) ဆက်ဆူအိုလို - တိုရီနို (၁၃)<br>(W,D,L,W,D) (D,L,L,L,W) | ဆက်ဆူအိုလို ၁-၁ တိုရီနို<br>တိုရီနို ၂-၁ ဆက်ဆူအိုလို ၂၀၂၃-၂၄ |
| ၂၁-၁၂-၂၀၂၅<br>ည ၁၁း၃၀နာရီ | (၂၀) ဖီအိုရင်တီးနား - အူဒီးနီးစ် (၁၀)<br>(L,L,W,L,L) (L,W,L,L,W) | ဖီအိုရင်တီးနား ၁-၂ အူဒီးနီးစ်<br>အူဒီးနီစ် ၂-၃ ဖီအိုရင်တီးနား |
| ၂၂-၁၂-၂၀၂၅<br>နံနက် ၀၂း၁၅နာရီ | (၁၆) ဂျီရိုနာ - အတ္တလန်တာ (၁၂)<br>(D,W,L,W,L) (W,W,L,W,W) | ဂျီရိုနာ ၂-၃ အတ္တလန်တာ<br>အတ္တလန်တာ ၅-၁ ဂျီရိုနာ |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၁-၁၂-၂၀၂၅<br>ည ၉း၀၀နာရီ | (၁၈) မိန့်ဇ် - စိန့်ပေါ်လီ (၁၆)<br>(L,L,D,D,W) (L,L,W,D,W) | မိန့်ဇ် ၂-၀ စိန့်ပေါ်လီ<br>စိန့်ပေါ်လီ ၀-၃ မိန့်ဇ် |
| ၂၁-၁၂-၂၀၂၅<br>ည ၁၁း၀၀နာရီ | (၁၇) ဟိုက်ဒန်ဟိမ်း - ဘိုင်ယန်မြူးနစ် (၁)<br>(L,L,W,W,L) (W,W,W,W,D) | ဟိုက်ဒန်ဟိမ်း ၀-၄ ဘိုင်ယန်မြူးနစ်<br>ဘိုင်ယန်မြူးနစ် ၄-၂ ဟိုက်ဒန်ဟိမ်း |

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ (တတိယအကြိမ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ မန္တလေးမြို့ ရတနာပုံဥယျာဉ်တွင် လူဦးရေ ၅၀၀၀ ကျော် ပါဝင်ဆင်နွှဲ

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးမြို့တွင် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ တတိယအကြိမ်ကို ယနေ့နံနက် ၆ နာရီက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနန်းမြို့ရိုးနှင့် ကျုံးရေပြင်ကြား ရတနာပုံဥယျာဉ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တက်ရောက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူထုစုပေါင်းလမ်းလျှောက်ပွဲအား ရတနာပုံဥယျာဉ်နှင့်ကျုံးရေပြင်ကြား ၁၉ လမ်း ဦးထိပ်တံတားထိပ်အနီးရှိ တာလွှတ်နေရာမှ သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးရာ ပြည်သူလူထု စုစုပေါင်းအင်အား ၅၀၀၀ ဦးကျော်က ကျုံးအရှေ့တောင်ဘက်ထောင့်အထိ စုပေါင်းလမ်းလျှောက်ခြင်းကို စည်ကားသိုက်မြိုက်စွာ ပျော်ရွှင်ပါဝင်ဆင်နွှဲခဲ့ကြပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်မှု ကာယလေ့ကျင့်ခန်း အတွဲ(၁/၂)၊ Physical Fitness Dance များဖြင့် တပျော်တပါး လှုပ်ရှားဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်ရန်၊ တစ်မျိုးသားလုံး၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ အားကစားကို လူအများ စိတ်ပါဝင်စားပြီး နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်စေရန်၊ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် လူတစ်စုအားကစားမှ လူထုအားကစားသို့ဟူသော ရည်မှန်းချက်ကို အထောက်အကူပြုစေရန် ရည်ရွယ်ချက်များဖြင့် နိုင်ငံတစ်ဝန်း၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ကျင်းပကြရာ တပျော်တပါး ပျော်ရွှင်စွာဆင်နွှဲလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)









## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေ၊ နည်းဥပဒေနှင့် မီးသတ်ကျင့်ဝတ်များဆန်းစစ်ခြင်း ပြုလုပ်

**မန္တလေး ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်၏ ညွှန်ကြားချက်၊ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး၏ လမ်းညွှန်ချက်ဖြင့် သရက်ခရိုင်၊ သရက်မြို့နယ် ခရိုင်းမီးသတ်ဦးစီးမှူးရုံးခန်းမ၌ ဆန်းစစ်စာမေးပွဲအား ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။



အဆိုပါ ဆန်းစစ်ခြင်းအား သရက်ခရိုင်မီးသတ်ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးတို့မှ အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ရာ သရက်နှင့်အောင်လံခရိုင်များမှ အရာရှိတပ်ဖွဲ့ဝင်၁၅ ဦး၊ အကြပ်အဆင့် ၁၅ ဦး၊ တပ်သားအဆင့် ၁၅ ဦး၊ စုစုပေါင်း ၄၅ ဦး ဖြေဆိုခဲ့သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ဥပဒေ၊ နည်းပဒေနှင့် မီးသတ်ကျင့်ဝတ်များအား တပ်ဖွဲ့ဝင်များ သိရှိလိုက်နာနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ပြီး ပထမ၊ဒုတိယ၊ တတိယဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၆)အနိုင်၊ အရှုံး NGB | | |
|---|---|---|
| လာဇီယို | ၀ - ၀ | ခရိုမိုနီ |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅)အနိုင်၊ အရှုံး NGB | | |
|---|---|---|
| အော့စ်ဘတ် | ၀ - ၀ | ဝါဒါဘရီမင် |
| ကိုလုံး | ၀ - ၁ | ယူနီယံဘာလင် |
| ဟမ်းဘတ် | ၁ - ၁ | ဖရန့်ဖတ် |
| စတုဂတ် | ၀ - ၀ | ဟော်ဖန်ဟိမ်း |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၇) အနိုင်၊ အရှုံး NGB | | |
|---|---|---|
| အိုဗီဒို | ၀ - ၀ | ဆဲလ်တာဗီဂို |
| လီဗန်တေး | ၁ - ၁ | ဆိုစီဒက် |


- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။


## ပန်းခင်း ၃ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ခြင်းနှင့် UID ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၂၀**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်တွင် ပုသိမ်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက နယ်မြေခံတပ် တပ်ရင်းခန်းမ၌ ပန်းခင်း ၃ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ၊ ပျောက်ဆုံး၊ ပျက်စီးသူ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ခြင်းနှင့် UID ကောက်ယူခြင်းလုပ်ငန်းများ



ဆောင်ရွက်ခဲ့သည်။ ကွင်းဆင်းဆောင်ရွက်သည့် နေရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ အောင်မြေသာစံခရိုင်မှူး ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေး၊ မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းတို့က လာရောက်ကြည့်ရှုစစ်ဆေးပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အောက်မှ အိန္ဒိယနိုင်ငံ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် (Quick Impact Project-QIP) စီမံကိန်းပြီးမြောက်အောင်မြင်မှု ကျင်းပသည့် အခမ်းအနားများသို့ တက်ရောက်

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အောက်မှ အိန္ဒိယနိုင်ငံ၏အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် (Quick Impact Project-QIP) စီမံကိန်းပြီးမြောက်အောင်မြင်မှု ကျင်းပသည့် အခမ်းအနားများသို့ တက်ရောက်ခဲ့သည်။

ရေးဦးစွာ ချမ်းအေးသာစံမြို့နယ်ရှိ အမျိုးသမီးကလေးများ သင်တန်းကျောင်းတွင် ကျင်းပသည့် RC တစ်ထပ် သင်တန်းသူ အိပ်ဆောင်သစ်ဖွင့်ပွဲ ကျင်းပသည့် အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန်းစိုး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံရုံးမှ သံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် သံအရာရှိများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသူ အိပ်ဆောင်အသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

၄င်းနောက် အဆိုပါအဆောင်သစ်တွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကျေးဇူးတင်စကားကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံရုံးမှ သံအမတ်ကြီးက မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် (Quick Impact Project-QIP) စီမံချက်ဖြင့် အမျိုးသမီးကလေးများ သင်တန်းကျောင်း(မန္တလေး)တွင် ကျောင်းသူအိပ်ဆောင် RC တစ်ထပ်အား အိန္ဒိယသမ္မတနိုင်ငံအစိုးရမှ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ထောက်ပံ့မှုဖြင့် ဆောက်လုပ်လှူဒါန်းပေးမှုများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားခဲ့ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။








ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ်ရှိ ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာ သိပ္ပံသို့ ရောက်ရှိပြီး မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၏ မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် (Quick Impact Project- QIP) စီမံချက်ဖြင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရမှ အမေရိကန်ဒေါ်လာ(၅၀၀၀၀) ထောက်ပံ့မှုဖြင့် Weaving and Vocational Sector Development Project ပြီးမြောက်အောင်မြင်မှု အခမ်းအနားသို့ရောက်ရှိပြီး အခမ်းအနား၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိုးက ရက်ကန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးသည့် စီမံကိန်းအား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး ရက်ကန်းစက်ကြီး တပ်ဆင်လည်ပတ်နေမှုနှင့် နည်းပညာများ ထောက်ပံ့ပေးမှုအပေါ် ကျေးဇူးတင်စကားကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံရုံးမှ သံအမတ်ကြီးက မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် (Quick Impact Project-QIP)စီမံချက်ဖြင့် စီမံကိန်းဆောင်ရွက်ပြီးမြောက်အောင်မြင်ခဲ့မှုနှင့် စပ်လျဉ်း၍ အမှတ်တရစကားကိုလည်းကောင်း ပြောကြား၍ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီးနောက် ရက်ကန်းစက်အား ကိုင်တွယ်အသုံးပြုနေမှုအား ကြည့်ရှုခဲ့ကြောင်း၊ ကျောက်ဆည်မြို့ရှိ နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးဆရာအတတ်သင်ကောလိပ်(ဘယ်လင်း)တွင်လည်း မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် (Quick Impact Project-QIP) စီမံချက်အရ အိန္ဒိယသမ္မတနိုင်ငံအစိုးရမှ အမေရိကန်ဒေါ်လာ (၅၀၀၀၀) ထောက်ပံ့မှုဖြင့် Investigation into Tar-Free and Dry Type Gasification Process with Slow Pyrolysis Products of Agriculture Waste for Myanmar's Rural Development စီမံကိန်းပြီးမြောက်အောင်မြင်မှုအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀



## ရတနာပုံတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဘာသာရပ်မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၀**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ပထမနှစ်(နေ့သင်တန်း)တွင် တက်ရောက်ပညာသင်ကြားနေသည့် မောင်မယ်သစ်လွင်များအား ကြိုဆိုပွဲနှင့် ဘာသာရပ်မိတ်ဆက်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာမာလာယုအောင်၊ ဒေါက်တာဦးဝင်း နိုင်၊ ဘာသာရပ်ဌာနအသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ဌာနမှူး(စီမံ/ဘဏ္ဍာ)၊ ဌာနမှူး(သင်တန်းရေးရာ)၊ မော်ကွန်းထိန်း(ကျောင်းသားရေးရာဌာန)၊ ဌာနခွဲမှူး(အဝေးသင်-သင်တန်း)နှင့် တက္ကသိုလ်စာကြည့်တိုက်မှူးတို့ တက်ရောက်ကြသည်။

ရေးဦးစွာ ကျောင်းသား၊ ကျောင်းသူလေးများက မြကျွန်းညိုညို တေးသီချင်းဖြင့်လည်းကောင်း၊ ကျောင်းသူလေးများက ပညာစုံရတနာပုံသီချင်းဖြင့် သီဆိုကပြဖျော်ဖြေပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပါမောက္ခချုပ် က အဖွင့်အမှာစကားနှင့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူး(စီမံ/ဘဏ္ဍာ)၊ ဌာနမှူး(သင်တန်းရေးရာ)တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။ ဆက်လက်၍ ဝိဇ္ဇာ/သိပ္ပံ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များက သင်ကြားပို့ချပေးနေသည့် ဘာသာရပ်များကို မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကြိုဆိုဝမ်းမြောက်စကား ပြောကြားသည်။ ထို့နောက် မော်ကွန်းထိန်း(ကျောင်းသားရေးရာဌာန)၊ ဌာနခွဲမှူး(အဝေးသင်-သင်တန်း)နှင့် တက္ကသိုလ်စာကြည့်တိုက်မှူးတို့က ကျောင်းသားရေးရာကိစ္စရပ်များ၊ စာကြည့်တိုက်အသုံးပြုမှုတို့ကို မိတ်ဆက်ရှင်းလင်းကြသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းအစီအစဉ်တွင် ကျောင်းသား၊ ကျောင်းသူများသည် သင်ကြားရေးဌာန ၂၁ ခုနှင့် အသင်းအဖွဲ့သုံးခုတို့က ခင်းကျင်းပြသထားသည့် Poster Show, Book Show, Table Show ပြခန်းများကို လှည့်လည်လေ့လာ ကြည့်ရှုကြရာ သိလိုသည်များကို တာဝန်ရှိသူများက မိတ်ဆက်ရှင်းလင်းပြန်လည်ဖြေကြားခဲ့ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများသည် လေ့လာကြည့်ရှုခဲ့သည့် အကြောင်းအရာများကို မှတ်တမ်းရေးသွင်းခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၈၂)**

၀-၀-၀-၀-၀





# မြို့တော်ဝန် ဦးကျော်ဆန်း အထွေထွေရွေးကောက်ပွဲ ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များ ကွင်းဆင်းကြည့်ရှုစစ်ဆေး





**မန္တလေး ဒီဇင်ဘာ ၂၀**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ရာ လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များကို မန္တလေးတိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာ မြို့နယ်များရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းမှ စတင်၍ ကြိုတင်ဆန္ဒမဲပေးခြင်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကြိုတင်ဆန္ဒမဲပေးခြင်း ဆောင်ရွက်လျက်ရှိသည့် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်နှင့် ဟေမာဇလရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းသည် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကျော်သန်းထွန်း၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးစိုးထွန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် အဆိုပါရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြိုတင်မဲပေးရန် လိုအပ်သည့် တာဝန်ပေးအပ်ထားသည့်ဌာနဆိုင်ရာ အသီးသီးမှ ဝန်ထမ်းများ၏ ကြိုတင်ဆန္ဒမဲပေးခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုပြီးနောက် သက်ဆိုင်ရာရပ်ကွက်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တွေ့ဆုံကာ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဖြစ်စေရေးအတွက် စနစ်တကျဆောင်ရွက်သွားရန် ကိစ္စရပ်များကို ဖြည့်စွက်မှာကြားခဲ့သည်။

ချမ်းအေးသာစံမြို့နယ်အတွင်း၌ မဲရုံပေါင်း(၇၀)ရှိပြီး ဒီဇင်ဘာ ၁၈ ရက်နေ့မှစတင်ကာ ဒီဇင်ဘာ ၂၇ ရက်နေ့အထိ ကြိုတင်မဲပေးခြင်းကို စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ ကြိုတင်မဲကို တာဝန်ပေးအပ်ထားသည့် ဌာနဆိုင်ရာဝန်ထမ်းတွေအပြင် ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများ၊ သက်ကြီးရွယ်အိုများအတွက် ဦးစားပေးဆောင်ရွက်ထားပါကြောင်း၊ မဲရုံသို့ မလာရောက်နိုင်သည့် သက်ကြီးရွယ်အိုများအတွက်ကိုလည်း ကော်မရှင်အဖွဲ့ဝင်တွေ၊ သက်ဆိုင်ရာတာဝန်ရှိသူတွေက အိမ်တိုင်ရာရောက်သွားပြီး ကြိုတင်ဆန္ဒမဲပေးနိုင်ရန် စီစဉ်ထားရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင် တာဝန်ရှိသူတစ်ဦးက ပြောကြားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)








## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခွန်ဌာနမှ ကြီးမှူး၍ ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ဖူဆယ်ဘောလုံးအားကစားကွင်းတွင် အကြိုဗိုလ်လုပွဲစဉ်များကို ကျင်းပရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်း၊ ဌာနများမှ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်းများနှင့် အမှုထမ်းများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဖူဆယ်ဘောလုံးပြိုင်ပွဲ ပထမပွဲစဉ်တွင် စီမံရေးရာဌာန (က)အသင်းနှင့် ဈေးနှင့်သားသတ်ဌာန (က)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဈေးနှင့်သားသတ်ဌာန (က)အသင်းက စီမံရေးရာဌာန (က)အသင်းကို (၆)ဂိုး၊ (၂)ဂိုးဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် စက်ရုံနှင့်မော်တော်ယာဉ်ဌာန (က)အသင်းနှင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန (က)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စက်ရုံနှင့်မော်တော်ယာဉ်ဌာန (က)အသင်းက မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန (က)အသင်းကို (၅)ဂိုး၊ (၃)ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကြသည်။

ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း (၁၇)သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဒီဇင်ဘာ ၂၂ ရက်တွင် စီမံရေးရာဌာန (က)အသင်းနှင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန (က)အသင်းတို့၏ တတိယနေရာလုပွဲကိုလည်းကောင်း၊ ဗိုလ်လုပွဲအဖြစ် ဈေးနှင့်သားသတ်ဌာန (က)အသင်းနှင့် စက်ရုံနှင့်မော်တော်ယာဉ်ဌာန (က)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ် ၃)

## စဉ့်ကိုင်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ (Book Club)အဖွဲ့ဝင်များ စာဖတ်ဝိုင်း ကျင်းပ

**စဉ့်ကိုင် ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ရရှိစေရန်နှင့် စာဖတ်ရှိန်မြင့်မားစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့တို့ ပူးပေါင်း၍ စာရေးဆရာ တက္ကသိုလ်ဝင်းမွန် ရေးသားသည့် "အမျိုးသားပညာဝန် ဦးဖိုးကျား၏ ဘဝနှင့်စာပေ" စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက စာဖတ်ဝိုင်းများပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး စာအုပ်၊စာစောင်ချစ်မြတ်နိုးသူများအသင်း နာယက ဦးသန်းအောင်က "ပညာဗဟုသုတရှာပုံ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကိုက "သတင်းစာနှင့်ကဗျာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ (Book Club)အဖွဲ့ဝင် ဒေါ်ခင်စန်းက "သပြေနုချိန်၊ ဖေ-ပု-ရှိန်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် (Book Club)အဖွဲ့ဝင်များကလည်း စာအုပ်တွင် ပါဝင်သည့် အခန်းကဏ္ဍများအလိုက် မိမိတို့၏ အတွေးအမြင်ရသများအား အသီးသီးပါဝင်ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

ဝ-ဝ-ဝ-ဝ-ဝ

## မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အသိပညာပေး(Talk Show)ဆောင်ရွက်

**မြို့သစ် ဒီဇင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ (Talk Show)ကို ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**



အဆိုပါ အသိပညာပေး ဆွေးနွေးပွဲ (Talk Show )တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်နှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းနုထွေးတို့က မသန်စွမ်းသူများနှင့်ပတ်သက်သည့် မသန်စွမ်းမှုအမျိုးအစားများ၊ မသန်စွမ်းကလေးများနှင့်ပတ်သက်၍ ဖွင့်လှစ်ထားသောကျောင်းများ၊ မသန်စွမ်းအမျိုးအစားအလိုက် ပညာသင်ကြားပေးသောနည်းစနစ်များ၊ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း၏ ရည်ရွယ်ချက်၊ မသန်စွမ်းသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ပေးနေသော လုပ်ငန်းများ၊ မသန်စွမ်းသူများအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများ စသည့် အသိပညာပေးအကြောင်းအရာများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**

## ဒီဇင်ဘာအားကစားလ(တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီခွဲက နန်းတော်ကုန်းရပ်ကွက် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမနှင့် ဗိုလ်ချုပ်ပန်းခြံအနီးမှ ပေါက်ချောင်းရပ်ကွက်ရှိ မြို့နယ်အားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ခဲ့သည်။



အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးကျော်ဇေယျ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မိတ္ထီလာပညာရေးကောလိပ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက နန်းတော်ကုန်းရပ်ကွက် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမနှင့် ဗိုလ်ချုပ်ကြေးရုပ်အနီးမှ သမိုင်းဝင်ဖောင်တော်ဦးစေတီလမ်းအတိုင်း ဓမ္မသုခစေတီတော်အနီးမှ နန်းတော်ကုန်းရပ်ကွက်သို့ စုပေါင်းလမ်းလျှောက်ကြပြီး ၎င်းမှတစ်ဆင့် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမအတိုင်း ပေါက်ချောင်းရပ်ကွက်ရှိ မြို့နယ်အားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ကြသည်။ ထို့နောက် မြို့နယ်အားကစားကွင်းအတွင်း လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများက စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ(၁)နှင့် အတွဲ(၂)ကို စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(၄၆၉)**

## ဒို့အတူတူမဲပေးကြမယ် ရွေးကောက်ပွဲလှုံ့ဆော်ရေးလက်ကမ်းစာစောင်များ ဆက်လက်ဖြန့်ဝေ

**ကျောက်တလုံးကြီး ဒီဇင်ဘာ ၂၀**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများအားလုံး မဲပေးနိုင်ရေးအတွက် ဒို့အတူတူမဲပေးကြမယ် ရွေးကောက်ပွဲလှုံ့ဆော်ရေး လက်ကမ်းစာစောင်များကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့ရှိ နောင်ခဲကျေးရွာအုပ်စုများသို့ ဒီဇင်ဘာ ၁၉ရက် နံနက်ပိုင်းတွင် သွားရောက်ဖြန့်ဝေလျက်ရှိသည်။



အဆိုပါ လက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများက လူနေအိမ်များ၊ ဈေးဆိုင်များ၊ လူစည်ကားသည့်နေရာများ၌ ဖြန့်ဝေပေးကြကြောင်းနှင့် ဒို့အတူတူမဲပေးကြမယ် ရွေးကောက်ပွဲလှုံ့ဆော်ရေးလက်ကမ်းစာစောင်တွင် "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့" ဒီမိုကရေစီကို ပြန်လည်ဖော်ဆောင်ဖို့အတွက် ရွေးကောက်ပွဲမှလွဲ၍ အခြားနည်းမရှိပါ စသော အကြောင်းအရာများ ပါဝင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လွတ်လပ်ရေးနေ့အကြို အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်များ ပြသ

**တာလေ ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်ခရိုင်၊ တာလေမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ၊ စာအုပ်၊ စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်များပြသခြင်းကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် တာလေမြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်သီတာအေးက ကျောင်းသား၊ ကျောင်းသူများအား အသိပညာဗဟုသုတရရှိစေရန်အတွက် လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် လွတ်လပ်ရေးနေ့ ဦးတည်ချက်များအား အသိပညာပေးဟောပြောခဲ့ပြီး သုတ၊ ရသစာအုပ်များ ခင်းကျင်းပြသခြင်းနှင့် အသိပညာပေးနံရံကပ်စာစောင်များကို ပြသပေးခဲ့ရာ ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသားလူငယ်များက စိတ်ဝင်တစားလေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ စုံလင် ကြေးမုံ

## မဲရုံကို သွားကြစို့

* ပြည်သားပြည်သူ
တူတူလက်တွဲ
မဲပေးပွဲ သွားကြစို့။

* အမောင်ပြည်သား
မဲတစ်ပြားအား
သတိထား၍ ပေးကြစို့။

* တိုင်းပြည်တည်ထောင်
စွမ်းဆောင်အင်အား
ပြည်ချစ်သားများ ရွေးကြစို့။

* ပြည်ချစ်လူတော်
လူကောင်းခေါ်သည်
ပြည်၏ကောင်းကျိုး
သယ်ပိုးသူသာ ပေးကြစို့။

* လူတော်လူကောင်း
ဆယ်ပေါင်းများစွာ
ပါစေကာမှ
မြန်စွာတိုင်းပြည်
တိုးတက်မည်။

* တို့ပြည်သာရေး
ဝိုင်းဝန်းတွေးလျက်
မဲပေးမှန်ဖို့
သတိပြုလို့
သွားစို့တို့တွေ
မဲရုံဆီသို့လေ။ ။

**ခင်မောင်(ငါန်းစွန်)**



# မုန်တိုင်းဒဏ်သင့် သီရိလင်္ကာအတွက် အိုင်အမ်အက်ဖ်က ပံ့ပိုးငွေ အမေရိကန်ဒေါ်လာ ၂၀၆ သန်းပေးအပ်ရန် အတည်ပြု

ကိုလံဘို ဒီဇင်ဘာ ၂၀

**အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) ၏ အမှုဆောင်ဘုတ်အဖွဲ့သည် ဆိုင်ကလုန်းမုန်တိုင်း ဒီဝါဒဏ်သင့် အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် ကူညီနိုင်ရန်အတွက် သီရိလင်္ကာနိုင်ငံသို့ အရေးပေါ်ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၀၆ သန်း ထောက်ပံ့မည့်အစီအစဉ်ကို ဒီဇင်ဘာ ၁၉ ရက်တွင် အတည်ပြုလိုက်ကြောင်း သတင်းထုတ်ပြန်သည်။**



သီရိလင်္ကာနိုင်ငံ နာဝါလာပီတီယာမြို့တွင် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ ၁၁ ရက်က သီရိလင်္ကာတပ်မတော်ကယ်ဆယ်ရေးသမားများ ကူညီဖယ်ရှားနေစဉ်။

အဆိုပါပံ့ပိုးငွေသည် အရေးပေါ်ငွေကြေး ထောက်ပံ့မှုအစီအစဉ်တွင် သီရိလင်္ကာနိုင်ငံ၏ ခွဲတမ်း ၂၆ ရာခိုင်နှုန်းနှင့် ညီမျှကြောင်း၊ အဆိုပါရန်ပုံငွေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော စီးပွားရေးထိခိုက်မှုများကို ဖြေရှင်းရာတွင် အသေးစားစီးပွားရေးလုပ်ငန်းများ တည်ငြိမ်မှုရရှိနိုင်စေရန်နှင့် အကူအညီပေးနိုင်ရန် ရည်ရွယ်ကြောင်း အိုင်အမ်အက်ဖ်က ထုတ်ပြန်ထားသည်။

သီရိလင်္ကာတွင် ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူသားချင်းစာနာထောက်ထားမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အရေးပေါ်လိုအပ်ချက်များ ဖြစ်ပေါ်ခဲ့ပြီး နိုင်ငံ၏ဘဏ္ဍာရေးအပေါ် ဖိအားများ သက်ရောက်စေခဲ့ကြောင်း၊ ယခုပေးအပ်သော အရေးပေါ်ဘဏ္ဍာရေးအထောက်အပံ့သည် အဆိုပါဖိအားများကို ဖြေရှင်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ဒုတိယမန်နေဂျင်းဒါရိုက်တာနှင့် ယာယီဥက္ကဋ္ဌ ကန်ဂျီအိုကာမူရာက ပြောကြားသည်။

သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ရချိန်တွင် သီရိလင်္ကာအစိုးရ၏ အလျင်အမြန်တုံ့ပြန်ဆောင်ရွက်မှုများကို ချီးကျူးမှုနှင့်အတူ ခက်ခဲသောအချိန်ကာလအတွင်း အိုင်အမ်အက်ဖ်အနေဖြင့် သီရိလင်္ကာပြည်သူများနှင့်အတူ ရပ်တည်လျက်ရှိကြောင်းနှင့် သီရိလင်္ကာ၏ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း အိုကာမူရာက ပြောကြားသည်။

ဆင်ဟွာ






## ခရီးသွားများကြား ရေပန်းစားလှသော အစားအစာများကြောင့် အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ လတ်ခ်နောင်းမြို့ နာမည်ကျော်ကြားလာ

**ဒေလီ ဒီဇင်ဘာ ၂၀**

အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ လတ်ခ်နောင်းမြို့သည် ဒေသခံများနှင့် ကမ္ဘာလှည့်ခရီးသွားများကြား ရေပန်းစားလှသော အစားအစာများကြောင့် အစားအသောက်ချစ်သူများအတွက် နိဗ္ဗာန်ဘုံတစ်ခုအဖြစ် အမြဲတစေရပ်တည်လျက်ရှိကြောင်း သိရသည်။

ယခင်လတွင် ယူနက်စကိုအဖွဲ့ကြီးက လတ်ခ်နောင်းမြို့ကို ဖန်တီးမှုအဆန်းသစ်ဆုံး အစားအသောက်မြို့တော်အဖြစ် အသိအမှတ်ပြု သတ်မှတ်ခဲ့သည်။ ဤသို့ သတ်မှတ်လိုက်ခြင်းကြောင့် ကမ္ဘာလုံးဆိုင်ရာ ထိပ်တန်းမြို့များစာရင်းတွင် လတ်ခ်နောင်းမြို့ ပါဝင်လာပြီး မြို့၏ထူးခြားကောင်းမွန်လှသော စားသောက်ဖွယ်ရာများကို ကမ္ဘာကပိုမိုအာရုံစိုက်လာမည်ဟု မျှော်လင့်ရသည်။

ယခုအခါ လတ်ခ်နောင်းမြို့သည် စဉ်ဆက်မပြတ်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖန်တီးနိုင်စွမ်းကို အခြေခံခြင်းဟူသော ရည်မှန်းချက်ဖြင့် ဆောင်ရွက်နေသည့် နိုင်ငံပေါင်း ၁၀၀ ကျော်မှ မြို့ပေါင်း ၄၀၈ မြို့ ပါဝင်သော ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်တွင် ပူးပေါင်းပါဝင်ခွင့် ရရှိသွားပြီဖြစ်သည်။

ဒီလိုအသိအမှတ်ပြုခံရတာဟာ လတ်ခ်နောင်းမြို့ရဲ့ နက်ရှိုင်းတဲ့ အချက်အပြုတ်ရိုးရာယဉ်ကျေးမှုနဲ့ တက်ကြွလှုပ်ရှားနေတဲ့ အစားအသောက်ဂေဟစနစ်တို့အတွက် သက်သေတစ်ခုပဲ ဖြစ်ပါတယ်ဟု ယူနက်စကို တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်ဖြစ်သူ တင်မ်ကာတစ်က သုံးသပ်ပြောကြားသည်။

ကမ္ဘာတစ်ဝန်းရှိ မြို့ပေါင်း ၇၀ သာ ပါဝင်ခွင့်ရသည့် ယခုကဲ့သို့ ဂုဏ်သိက္ခာကြီးမားသော စာရင်းတွင် လတ်ခ်နောင်း မြို့သည် အိန္ဒိယနိုင်ငံ၏ ဒုတိယမြောက်မြို့တစ်မြို့အဖြစ် ပါဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းမတိုင်မီ ၂၀၁၉ ခုနှစ်တွင် ဟိုက်ဒရာဘတ်မြို့သည် ပထမဆုံးအကြိမ် ထိုသို့ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

Mon

## ရှန်ကျန်းမြို့မှ အစပြုခဲ့သည့် တရုတ်ရိုးရာဝင်းချွန်းအက ပြဇာတ် ကနေဒါနိုင်ငံ၊ တိုရွန်တိုမြို့၌ ယခင်သီတင်းပတ်အတွင်း စတင်ကပြ

**ပေကျင်း ဒီဇင်ဘာ ၂၀**

တရုတ်နိုင်ငံတောင်ပိုင်း၊ ကွမ်တုန်းပြည်နယ်၊ ရှန်ကျန်းမြို့မှ အစပြုခဲ့သည့် "ဝင်းချွန်း" အမည်ရှိ တရုတ်ရိုးရာ ကကွက်ပြဇာတ်သည် ၎င်း၏ မြောက်အမေရိကခရီးစဉ်အဖြစ် ကနေဒါနိုင်ငံ၊ တိုရွန်တိုမြို့၌ ယခင်သီတင်းပတ်အတွင်း စတင်ကပြခဲ့ရာ ကိုယ်ခံပညာသိုင်းပေါင်းစုံ၊ ခေတ်ပေါ်အကနှင့် ရုပ်ရှင်ဆန်ဆန် ဇာတ်လမ်းပြောပြမှုပုံစံများကို ကနေဒါပရိသတ်များထံသို့ ထူးခြားဆန်းသစ်စွာ တင်ဆက်ပြသခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ပြဇာတ်ကိုမယ်ရဒီယန်ခန်းမ၌ စတင်ကပြခဲ့ခြင်းဖြစ်ပြီး မြောက်အမေရိကတိုက်အတွင်း ၂၀ ကြိမ်တိုင်တိုင် လှည့်လည်ပြသမည့် ဖျော်ဖြေရေးခရီးစဉ်၏ ပထမဆုံးသော ဖျော်ဖြေမှုလည်းဖြစ်သည်။ ပွဲကြည့် စင်္ကြံရှိ ထိုင်ခုံပေါင်း ၃၀၀၀ နီးပါးခန့်မှာပရိသတ်များဖြင့် ပြည့်နှက်နေခဲ့ပြီး ဖျော်ဖြေမှုအပြီးတွင်လည်း ပရိသတ်များထံမှ ကြာရှည်စွာ လက်ခုပ်သြဘာပေးမှုကို ရရှိခဲ့သည်။

တိုရွန်တိုမြို့ရှိ တရုတ်ကောင်စစ်ဝန်ချုပ် လှိုဝေတုန်းက "ဝင်းချွန်း" ပြဇာတ်သည် ယဉ်ကျေးမှုမြစ်ဖျားခံရာများကို သယ်ဆောင်လာပြီး လူသားမျိုးနွယ်၏ နွေးထွေးမှုကို ဖော်ညွှန်းသည့် အနုပညာလက်ရာ တစ်ခုဖြစ်ကြောင်းနှင့် ယခုတင်ဆက်မှုသည် ယဉ်ကျေးမှုချင်းဖလှယ်ရေးအတွက် "အရေးကြီးသည့် အခိုက်အတန့်တစ်ခု" ဖြစ်ကြောင်း ပြောကြားသည်။

ယင်းကကွက်ပြဇာတ်တွင် ဇာတ်လမ်းကြောင်းနှစ်ခုကို ယှဉ်တွဲတင်ဆက်ထားသည်။ တစ်ခုမှာ ကမ္ဘာကျော် မင်းသားကြီး ဘရုစ်လီ၏ ဆရာအဖြစ်လူသိများသည့် ဒဏ္ဍာရီလာဝင်းချွန်းသိုင်းဆရာကြီး ယစ်မန်း၏ ဘဝဇာတ်ကြောင်းနှင့် ကျင့်ဝတ်စည်းကမ်းများအကြောင်း ဖြစ်သည်။

အခြားဇာတ်လမ်းကြောင်းမှာမူ အဆိုပါဆရာကြီး၏ ဘဝဇာတ်ကြောင်းကို ရုပ်ရှင်အဖြစ် ရိုက်ကူးနိုင်ရန် ကြိုးပမ်းအားထုတ်နေကြသည့် ရုပ်ရှင်ဖန်တီးသူများ အကြောင်းဖြစ်သည်။

ယင်းကဲ့သို့ ဇာတ်လမ်းဖွဲ့စည်းပုံမှာ ရိုးရာအစဉ်အလာနှင့် ခေတ်သစ်ဖန်တီးမှုဆိုင်ရာ ကြိုးပမ်းအားထုတ်မှုနှစ်ခုလုံးကို ထင်ဟပ်ဖော်ပြထားကြောင်း သိရသည်။

Mon





## အင်ဒိုနီးရှားနိုင်ငံ၊ ဆုမာတြားရေကြီးမှုဒဏ် ခံခဲ့ရသူများအား တစ်ဦးလျှင် အင်ဒိုနီးရှားငွေ ၁၅ သန်းနစ်နာကြေးပေးမည်

**ဂျကာတာ ဒီဇင်ဘာ ၂၀**

အင်ဒိုနီးရှားနိုင်ငံ၊ ဆုမာတြားကျွန်းတွင် မကြာသေးမီက ဖြစ်ပွားခဲ့သော လူသေဆုံးမှုများပြားသည့် ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရသူများအား အစိုးရက နေ့စဉ်စားဝတ်နေရေးထောက်ပံ့ကြေး၊ အိမ်ထောင်စု အသုံးအဆောင်ပစ္စည်း အစားထိုးကူညီမှုနှင့် သေဆုံးသူမိသားစုများအတွက် တစ်ဦးလျှင် အင်ဒိုနီးရှားရူပီး ၁၅ သန်း(အမေရိကန်ဒေါ်လာ ၈၉၆ ခန့်)နစ်နာကြေးပေးအပ်ခြင်း အပါအဝင် ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာလနှောင်းပိုင်းတွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းကြောင့် အာချေး၊ အနောက်ဆုမာတြားနှင့် မြောက်ဆုမာတြားပြည်နယ်တို့တွင် သေဆုံးသူဦးရေမှာ ဒီဇင်ဘာ ၁၈ ရက်အထိ ၁၀၆၈ ဦး ရှိသည့်အပြင် ၁၉၀ ကျော် ပျောက်ဆုံးနေဆဲဖြစ်ပြီး လူပေါင်း ၇၀၀၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အင်ဒိုနီးရှား အမျိုးသားဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအေဂျင်စီ၏ ထုတ်ပြန်ချက်အရ ဒေသခံ ၅၇၇၆၀၀ခန့် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရပြီး နေအိမ်ပေါင်း ၁၄၇၀၀၀ ကျော်ပျက်စီးဆုံးရှုံးခဲ့ရသည်။

နေရပ်စွန့်ခွာရသူများအတွက် နေ့စဉ်စားဝတ်နေရေး ထောက်ပံ့ကြေးပေးအပ်မည့် အစီအစဉ်ကို အစိုးရကစဉ်းစားဆောင်ရွက်နေကြောင်း အင်ဒိုနီးရှား လူမှုဝန်ထမ်းဝန်ကြီး ဆိုင်ဖူလာယူဆွတ်ဖ်က ထုတ်ဖော်ပြောကြားသည်။

မိသားစုဝင် ၅ ဦးရှိသော အိမ်ထောင်စုတစ်စုအနေဖြင့် သုံးလတိုင်တိုင် တစ်နေ့လျှင် ရူပီး ၅၀၀၀၀ ခံစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

Mon

STOP
AIDS

# မန္တလေးငလျင်နဲ့ ဌာပနာအမွေအနှစ်များ-၂၂

မန္တလေးတစ်ခို ၂၀၂၅ခုနှစ်၊ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့တဲ့ အင်အားပြင်းငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့ရတဲ့ ဘုရားပုထိုးစေတီများထဲက ထွက်ပေါ်လာတဲ့ ဌာပနာအမွေအနှစ်များကို လေ့လာပြီး ထူးခြားတဲ့ လက်ရာလေးတွေအကြောင်း အများပြည်သူများ ဗဟုသုတဖြစ်ဖွယ် ဆောင်းပါးအဖြစ် အစဉ်တစိုက် ရေးသားခဲ့ပါတယ်။ ပျက်စီးမှုများပြားတော့ တွေ့ရှိမှုကလည်း များသလို ထူးခြားမှုတွေကလည်း တစ်ခုနဲ့တစ်ခု မထပ်ရအောင် များပြားကြောင်း တကယ်လေ့လာတော့မှ သိလာခဲ့ရတာပါ။ အကောင်းမြင်တဲ့စိတ်နဲ့ တွေးမိတာလေးကို ပြောရရင် ငလျင်ကြီးကြောင့် အခုလို အသစ်အဆန်းတွေ သတိမူတွေ့ရှိလာရတာဖြစ်တယ်ဆိုရင် အပြစ်ပြောကြမလားဘဲ။ ဒါကတော့ ကျွန်တော့်ရဲ့ ပုဂ္ဂလိကအတွေးပါ။ လွတ်လပ်စွာ သဘောထား ကွဲလွဲနိုင်ပါတယ်။ အခုလည်း ကျောက်ဆည်မြို့ ဝေဘူတောင်ခြေက ပုဂံခေတ် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့တဲ့ ဆည်တော်နံ့ ရွှေမုဋ္ဌောစေတီတော်ထဲက တွေ့လာရတဲ့ထူးခြားတဲ့ဆင်းတုတော်လေးတွေအကြောင်း တင်ပြချင်လို့ပါ။

ကျွန်တော့်ရဲ့ မန္တလေးနဲ့ငလျင်(ဌာပနာအမွေအနှစ်များ-၉)ဆောင်းပါးမှာ အမရပူရခေတ်က ထိုင်းလက်ရာ ချိတ်ခံငွေဆင်းတုတော်များအကြောင်းကို ရေးသားခဲ့ပါတယ်။ ဆိုလိုတာက ကုန်းဘောင်ခေတ်ဦး ဆင်ဖြူရှင်မြေဒူးမင်းလက်ထက်မှာ အယုဒ္ဓယကို အောင်မြင်လို့ ယိုးဒယားလူမျိုးများစွာ မြန်မာ့မြေကို ခေါ်လာခဲ့ပါတယ်။ သူတို့ကို မြို့ရွာနယ်အသီးသီးမှာ ချထားနေထိုင်စေပြီး လုပ်မြေစားမြေများလည်း ပေးသနားခဲ့ပါတယ်။ လူအမျိုးမျိုး စရိုက်အထွေထွေဆိုတဲ့ စကားအတိုင်း ပါလာတဲ့ ယိုးဒယားတွေထဲမှာ အသိပညာရှင်၊ အနုပညာရှင်၊ အတတ်ပညာရှင်တွေလည်း ပါလာခဲ့တာပေါ့။ ကိုးကွယ်တဲ့ ဘာသာချင်း၊ အယူဝါဒချင်းလည်း တူနေတော့ နယ်ခံနဲ့ ချေ့သည်အဆင်ပြေစွာ လက်တွဲနေထိုင်ခဲ့တာ သဘာဝပါ။ ဒါကြောင့်လည်း အမရပူရတစ်ခွင် အခု ကျွန်တော်တို့တွေ့ရတဲ့ ချိတ်ခံငွေဆင်းတုတော်များဟာ သူတို့ တတ်မြောက်ထားတဲ့ ပန်းထိမ်ပညာ လက်စွမ်းပြထားတဲ့ လက်ရာကနေ အစပြုလာခဲ့တာပါ။ စစချင်းတော့ သူတို့ဟန်ပေါ့။ နောက်တဖြည်းဖြည်းနဲ့ မြန်မာဟန်ကို ပြောင်းလဲလာခဲ့တယ်ဆိုတာ အသေးစိတ်လေ့လာတွေ့ရှိချက်များအရ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အခုလည်း ဦးကုလားရာဇဝင်နဲ့ မှန်နန်းရာဇဝင်တွေထဲမှာ ပုဂံခေတ် အနော်ရထာမင်းကြီးလက်ထက် အောက်မြန်မာပြည် ဥသာ ပဲခူးကို ဂျမ်းစစ်သည်တွေ ကျူးကျော်လာလို့ ကျန်စစ်သား ဦးဆောင်တဲ့ ပုဂံစစ်သည်တွေ စေလွှတ်ပြီး ကူညီနှိမ်နင်းပေးခဲ့ရတယ်ဆိုတာ ရေးသားပါရှိခဲ့ပါတယ်။ ဆိုလိုတာက ဥသာပဲခူးနဲ့ အဆက်အသွယ်ရှိတဲ့ အောက်မြန်မာပြည်ဟာ အင်အားကြီးမားလာတဲ့ မြန်မာတို့က ဂျမ်းလို့ ခေါ်နေတဲ့ ခမာတို့ သွေးတိုးစမ်းကျူးကျော်လာခဲ့တဲ့သဘောပေါ့။ ဒီမှာလည်း အနော်ရထာမင်း ဦးဆောင်တဲ့ ပုဂံအင်ပါယာက ရှိနေတော့ နောက်ဆုံးခမာတွေ အရှုံးကြီးရှုံးသွားခဲ့ရပါတယ်။ ဒီနေရာမှာ တစ်ခုပြောချင်တာက ရှေးခေတ်က စစ်ချီစစ်တက်သွားကြတဲ့အခါ စစ်ဗိုလ်စစ်သားချည်း သွားကြတာမျိုး မဟုတ်ဘဲ နှုတ်မှု၊ လက်မှု အတတ်ပညာသည်တွေကိုလည်း ခေါ်သွားလေ့ရှိခဲ့ပါတယ်။ ဒါမှ ရောက်တဲ့နေရာမှာ စစ်စခန်းချတဲ့အခါ ခမ်းနားကြီးကျယ်စွာ နေရအောင်လို့လေ။ နောက်တစ်ချက်ကလည်း မည်သူမဆို စစ်ဗိုလ်စစ်သားပင်ဖြစ်ပါစေ ပုထုဇဉ်လူသားပီပီ မိမိယုံကြည်ရာ ကိုးကွယ်ရာလေးတွေကိုလည်း ပင့်ဆောင်သွားလေ့ရှိပါတယ်။ ဒါပေမဲ့ အဲ့ဒါတွေဟာ စစ်နိုင်တဲ့အခါ မသိသာပေမယ့် စစ်ရှုံးတဲ့အခါများမှာတော့ အသက်လုပြီး ပြေးရတဲ့အခါ ကျန်နေလေ့ရှိတာ သဘာဝပါပဲ။ အခုလည်း ဥသာပဲခူးကို အထင်သေးစွာ ကျူးကျော်လာတဲ့ ဂျမ်းစစ်သည်တွေက မထင်မှတ်ဘဲ အရှုံးနဲ့ ရင်ဆိုင်ရပြီး အသက်လုကာ ထွက်ပြေးချိန်မှာ စောစောက ပြောခဲ့တဲ့ စစ်သည်မဟုတ်တဲ့ အသိပညာသည်တွေ၊ အတတ်ပညာသည်တွေဟာ အဖမ်းခံရပြီး အဲ့ဒီဌာနေမှာ သောင်တင်နေကြတာ သဘာဝပါပဲ။ဒါကြောင့်လည်း ပုဂံခေတ်မှာ မြန်မာလက်ရာ တစ်နည်းအားဖြင့် ပုဂံလက်ရာမဟုတ်တဲ့ ခမာလက်ရာ ကြေးသွန်းဆင်းတုတော်တွေကို ပုဂံအင်ပါယာရဲ့ အာဏာစက်သက်ရောက်ခဲ့တဲ့ ဟိုနယ်မှာတွေ့ ဒီနယ်မှာတွေ့ စသဖြင့် ကြိုကြားကြိုကြားတွေ့ကြရတာပါ။ အခုလည်း အနော်ရထာမင်းကြီးရဲ့ လယ်တွင်းကိုးခရိုင်အတွင်း အပါအဝင် ကျောက်ဆည်မြို့၊ ဝေဘူတောင်ခြေမှာ တည်ထားခဲ့တဲ့ ဆည်တော်နံ့ရွှေမုဋ္ဌောဘုရားငလျင်ဒဏ်ကြောင့် ပြိုပျက်ရာက ထွက်ပေါ်လာတဲ့ ဌာပနာတွေထဲမှာ ခမာလက်ရာ ကြေးသွန်းဆင်းတုတော်သုံးဆူကို တွေ့ကြရခြင်း ဖြစ်ပါတယ်။ ကောင်းပါပြီ။ အခုဆက်ပြီး မြန်မာလက်ရာ ပုဂံဟန်နဲ့ ခမာလက်ရာဟန် ကွာခြားချက်လေးကို သုတေသနရှုထောင့်ကနေ တင်ပြပါမယ်။



ပုဂံခေတ်ဟန် ကြေးဆင်းတု



ခမာဟန် ကြေးဆင်းတုတော်

ပထမဆုံး ပုဂံခေတ်ဟန် ဆင်းတုတော်ရဲ့ ပုဒ်ိ အာ ဆိုတဲ့ ဝိဇ္ဇာဉာဏ်သုံးပါးရဲ့အထိမ်းအမှတ်အဖြစ်ထုလုပ်ထားတဲ့ ဦးခေါင်းအထက်က ဥဏှိသ၊ ရောင်လျှံတော်လို့ ခေါ်တွင်တဲ့ အချွန်လေးကို နှိုင်းယှဉ်ကြည့်ရင် ပုဂံဟန်က ညောင်ရွက်ပုံ ရှေ့ခွက်နောက်ခုံး ခပ်သေးသေးပါ။ အခု တင်ပြထားတဲ့ ပုံထဲက ခမာဟန်မှာ အောက်ခြေလုံးပြီး အပေါ်ချွန်သွားတဲ့ ကြာဖူးဆန်ဆန် ဖြစ်နေပါတယ်။ ပုဂံခေတ် မဏိတော်က စုံ့စုံ့မို့တက်နေလေ့ရှိပြီး ခမာကတော့ မဏိတော်နဲ့ ဆံတော် တစ်သားတည်း ထိပ်ရှူးသွားတဲ့ပုံ ဖြစ်နေပါတယ်။ တစ်နည်းပြောရရင် ဆံတော်၊ မဏိတော်နဲ့ ဥဏှိသရောင်လျှံတော်တို့ဟာ နားတော်ရဲ့ အထက်လောက်ကနေပြီး မျဉ်းတစ်ဖြောင့်တည်း ထိပ်အထိ ချွန်တက်သွားတဲ့ဟန်မျိုးဖြစ်နေပြီး မြန်မာဆင်းတုတော်တွေနဲ့ လုံးဝကွဲပြားနေပါတယ်။ နောက်ပြီး သင်းကျစ်တော် မပါတာချင်းတူပေမယ့် နဖူးထိပ်က ဆံတော်တန်းပုံစံချင်း ကွဲနေပြန်ပါတယ်။ ပုဂံဟန်က မြန်မာအက္ခရာ "က"ကြီးပုံ ရှိပေမယ့် ခမာဟန်မှာ "ဂ"ငယ်ပုံဖြစ်နေပါတယ်။ နားတော်မှာလည်း ပုဂံဟန်က နားတော်ထူပြီး နားသီးနဲ့ နားပေါက်ပါပေမယ့် ခမာဟန်မှာတော့ နားတော်ပါးပြီး အဖျားကော့ကာ နားသီးနဲ့ နားပေါက်မပါတာလည်း ကွာခြားနေတဲ့ အပြင် ပုဂံဟန်ထက် ပိုပြီးတိုနေတာကို တွေ့ရပြန်ပါတယ်။ မျက်ခုံးတော်မှာလည်း ပုဂံဟန်က အရင်းစိုက်ပြီး အဖျားကော့နေတဲ့ ကျေးရေသောက်ဟန်ဖြစ်ပြီး ခမာဟန်ကတော့ စက်ဝိုင်းခြမ်းပုံဖြစ်ကာ နှာယောင်နဲ့ တစ်ဆက်တည်း ဖြစ်နေပါတယ်။ နှာခေါင်းကျတော့လည်း ပုဂံဟန်က နှာခေါင်းချွန်၊ အဖျားကောက်နေတဲ့ ကျေးနှုတ်သီးပုံ ရှိနေပေမယ့် ခမာဟန်မှာတော့ နှာယောင်စင်းပြီး နှာခေါင်းတိုနေတဲ့ အပြင် နှာရည်ဆင်းချိုင့်လည်း မပါတာကို တွေ့ရပါတယ်။ ထို့နည်းတူ မျက်လုံးတော်ဟာ စက္ခုမြေချထားတာ တူသယောင်ရှိနေပေမယ့် ပုဂံဟန်က အရင်းစိုက်ပြီး အဖျားကော့နေတဲ့ ကျေးရေသောက်ဟန်ဖြစ်ပြီး ခမာဟန်ကတော့ စက်ဝိုင်းပြတ်ပုံ ရှိနေပါတယ်။ နောက်ပြီး ပုဂံဟန်က မျက်လုံးမှာ မျက်ဆံပါပေမယ့် ခမာဟန်က မပါတာလည်း ကွာခြားနေပါတယ်။ ပါးစပ်တော်မှာတော့ ပုဂံဟန်က အပေါ်နှုတ်ခမ်းက အဖျားကော့တဲ့ ကကြီးပုံဖြစ်ပြီး ပါးပါးလျှလျှ ဖြစ်ပါတယ်။ အောက်နှုတ်ခမ်းကတော့ အနည်းငယ်ထူပြီး အပေါ်နှုတ်ခမ်းထက် ဖြက်တိုကာ တွဲရွဲကျပြီး ပြုံးယောင်သန်းနေပါတယ်။ ခမာဟန်မှာတော့ ထက်အောက်နှုတ်ခမ်းနှစ်လွှာ ထူထူထဲထဲနဲ့ တည်ကြည်ဟန် ဖြစ်ပါတယ်။ ခမာဟန်ရဲ့လည်ပင်းတော်ဟာ လည်ရေးသုံးဆင့် မထင်ရှားဘဲ ပုဂံဟန်ထက် ပိုပြီးရှည်လျားနေပါတယ်။ နောက်ပြီး ခမာဟန်နဲ့ ပုဂံဟန်ဟာ ရင်မောက်တာချင်း တူသယောင်ရှိပေမယ့် ပုဂံဟန်က ရင်သားနှစ်မွှာထင်ရှားပြီး ခမာဟန်မှာတော့ နို့သီးခေါင်း ပိုချွန်နေတာလည်း ထင်ရှားတဲ့ ကွာခြားချက်တစ်ခု ဖြစ်ပါတယ်။ ပုဂံဟန်ရဲ့ ကိုယ်ရုံသင်္ကန်းတော်ဟာ ရေစိုပြီး ခန္ဓာကိုယ်နဲ့ ကပ်နေသကဲ့သို့ အရေးအကြောင်းမျှသာ ပါဝင်နေပြီး ဒုကုဋ်သင်္ကန်းတော်ရဲ့အဖျားဟာ ငါးကြင်းမြီးပုံအခွလေး ဖြစ်နေပါတယ်။ ခမာဟန်မှာတော့ သေးငယ်ပြီး အပြားလိုက်ကျနေတဲ့ပုံပဲ ဖြစ်နေတာကို တွေ့ရပါတယ်။ ပုဂံဟန်ရဲ့ ရင်ကားပြီး ခါးတော်ကျဉ်းနေပေမယ့် ခမာဟန်မှာတော့ ခါးတော် အနည်းငယ်ဖွံ့နေတာ တွေ့ရပါတယ်။ တစ်ခါ ပုဂံဟန်မှာ ချက်ပေါ်လွှင်ပြီး အောက်ပိုင်းက ဝတ်ထားတဲ့ သင်းပိုင်ကို အထင်အရှားမြင်ရပေမယ့် ခမာဟန်မှာတော့ အဲ့ဒါတွေ မပါဝင်ပါဘူး။ ဘယ်လက်တော်ဟာ ချက်နေရာနားမှာ လက်ဝါးဖြန့်ထားတဲ့ ဈာနမုဒြာဟန်ချင်းတူပေမယ့် ခမာဟန်က လက်ချောင်းလေးတွေ ပိုပြီးကော့နေပါတယ်။ ဘယ်လက်ကောက်ဝတ်နားက တွဲကျနေတဲ့ သင်္ကန်းစဟာ ပုဂံဟန်မှာ ထင်ရှားပေမယ့် ခမာဟန်မှာတော့ ထင်ရှားတာလည်း ကွာခြားချက်လေးတစ်ခုပါပဲ။ ညာလက်ကလည်း မြေသက်သေပြုဟန် ဘူမိဖဿမုဒြာဟန်ချင်းတူသယောင် ဖြစ်ပေမယ့် ခမာဟန်မှာ ဒူးဖုံးတဲ့အထိ ဘေးနားရောက်နေပြီး ပုံဟန်မှာတော့ ဒူးအတွင်းနားက လက်ဖဝါးချထားဟန် ဖြစ်နေပါတယ်။ ပုဂံဟန်ရဲ့ ခြေနှစ်ဖက်ဟာ ခြေဖဝါးနှစ်ဖက်လှန်ထားတဲ့ ခြေချိတ်ဟန်ဖြစ်ပြီး ခမာဟန်ကတော့ ဘယ်ခြေပေါ် ညာခြေထပ်တင်ထားတဲ့ ခြေထပ်ဟန် တွေ့ရပါတယ်။ နောက်ဆုံး ပလ္လင်တော်အပိုင်းမှာတော့ ပုဂံဟန်မှာ ဖောင်းကြွကြွာပလ္လင်ကို ကြွရှနေအောင် ဖန်တီးထားပြီး ခမာဟန်မှာတော့ ရိုးစင်းပြီး အခြယ်အလှယ်မပါတဲ့ ပြော့ပလ္လင်ပုံ ဖြစ်နေတာ ခြားနားကြပါတယ်။ ခြုံပြီးပြောရရင် အချိန်ကာလချင်း တူပေမယ့် လက်ရာချင်းကတော့ အထက်မှာ တင်ပြထားသလို ကွာခြားချက်တွေ များပြားလှတဲ့အတွက် ကြေးသွန်းဆင်းတုတော်ကို လေ့လာကြည့်လိုက်တာနဲ့ မြန်မာဟန်မဟုတ်မှန်း တန်းကနဲ သိသာစေပါတယ်။ အခုလို နှိုင်းယှဉ်လေ့လာခွင့်ရတာကလည်း ငလျင်ကြီးကြောင့်လို့ ပြောရမလို ဖြစ်နေပါတယ်။ ဒါပေမဲ့ အခုလို လက်ရာကွာခြားတဲ့ ဆင်းတုတော်ကို ဓာတ်ပုံထဲမှာလည်း ရှိသားပဲ လေ့လာလို့မရဘူးလားလို့ စောဒကတက်လို့ရပါတယ်။ ဒါပေမဲ့ ဆင်းတုတော်လေ့လာခြင်းအတတ်ပညာမှာ လက်တွေ့နဲ့ ဓာတ်ပုံများစွာ ကွာခြားပါတယ်။ ကိုင်ကြည့်ပြီး အသေးစိတ် လေ့လာရတာကိုက အရသာအလွန်ရှိတယ်လို့ ပြောရမလားဘဲ။ အတိုင်းအတာသာမက အဖောင်းအကြွရော၊ အဖုအထစ်ရော လက်တွေ့လေ့လာမှ ပိုပြီး ထင်ရှားပါတယ်။ နောက်ပြီး ဆင်းတုတော်ကို ဘုရားစေတီရဲ့ နောက်ခံသမိုင်းနဲ့ နေရာဒေသကလည်း လေ့လာရာမှာများစွာ အထောက်အကူဖြစ်စေပါတယ်။ နှိုင်းယှဉ်မှုကို ပိုပြီး ထိရောက်စေတာပေါ့။

နိဂုံးချုပ်အနေနဲ့ တင်ပြရရင် အင်အားပြင်းငလျင်ကြီးကြောင့် တွေ့လာရတဲ့ တစ်နေရာထဲမှာ ဘုရားတစ်ဆူထဲက လက်ရာမတူတဲ့ ဆင်းတုတော်တွေကို လေ့လာခွင့်ရလိုက်တဲ့အတွက် ကိုယ့်မြေကိုယ့်ရေမှာ ကိုယ့်ဘိုးဘေးတွေ ဖန်တီးပြုလုပ်ခဲ့တဲ့ ဘုရားဆင်းတုတော်ဟာ ရေခြားမြေခြားက ပြုလုပ်ထားတဲ့ ဘုရားဆင်းတုတော်များထက် ပိုပြီးလက်ရာမြောက်ကာ ကြည်ညိုဖွယ်ရာဆောင်နေတယ်လို့ ဂုဏ်ယူစွာနဲ့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်လိုက်ရပါကြောင်း။

**ကျမ်းကိုး၊ ဆင်းတုတော် ပဋိမာသိပ္ပံကျမ်း**
**– စဝ်ထွန်းမှတ်ဝင်း**
**–လက်တွေ့ကွင်းဆင်း လေ့လာတွေ့ရှိချက်**

ရက္ခိတ(ရှေး/သု)

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၁)၊ ဦးပိုင်နံပါတ်(၆၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးအောင်ဆိုင် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၂၀× ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကေကေနိုင် (ဘ)ဦးဝမ်ဝေထန်(၁၃/တကန(နိုင်)၃၃၉၄၆၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်နေ ဦးမျိုးအောင်(၈/တတက(နိုင်) ၁၃၇၂၆၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၅၃၈)၊ ဦးပိုင်အမှတ်(၄/၉၈)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးစိန်ကျော် (ဘ) ဦးထွန်းကြိုင် အမည်ပေါက် ဂရန်မြေကွက်ထဲမှ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀)အစိတ်အပိုင်း အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အသုံးပြုခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသူဟု အဆိုပြုသူ ဦးအောင်မြင့် (ဘ)ဦးအတုံ(၉/မရမ(နိုင်) ၀၆၈၁၃၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမှုရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအောင်နိုင်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**တတ-၂၃/၂၆၊ ၁၂၃လမ်းနှင့်၁၂၄လမ်းကြား၊ ၅၃(C)လမ်း၊ (၈)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၂၆၇၈၇၂၇၊ ၀၉-၇၉၇၇၂၀၀၉၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၆လမ်းနှင့်၈၇လမ်းကြား၊ (၂၇-A)လမ်း၊ သီရိဟေမာ အရှေ့၊ အိမ်တော်ရာဆင်တံတားလမ်း၊ အကွက်(၂၄၄)၊ ဦးပိုင်(၁၃)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၇၇)ဧက အကျယ်အဝန်း မြေကွက်အဆောက်အအုံ မျက်နှာစာရှေ့နောက် (၃၁)ပေ၊ တောင်မြောက်အရှည်ပေ (၅၃)ပေကို ဦးဘိုငွေး+ဒေါ်တင်ကြည်တို့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ သား၊ သမီး (၅)ဦး ထွန်းကားခဲ့ပါသည်။ သား၊ သမီးများဖြစ်ကြသော (၁)ဦးလှရွှေ၊ (၂)ဒေါ်မာမာငွေး၊ (၃)ဦးခင်မောင်ငွေး၊ (၄)ဒေါ်လှလှငွေး(ခ)ဒေါ်နယ်လီငွေး၊ (၅)ဒေါ်မြမြစိန်(ခ) ဒေါ်မော်လီငွေးတို့ ဖြစ်ကြပါသည်။ အစ်ကိုကြီးဖြစ်သူ ဦးလှရွှေနှင့် မောင်ဖြစ်သူ ဦးခင်မောင်ငွေးတို့အား မိဘများဖြစ်ကြသော ဦးဘိုငွေး+ဒေါ်တင်ကြည်တို့ ပိုင်ဆိုင်သည့် အမွေရထိုက်ခွင့်များကို အစ်မဖြစ်သူနှင့် ညီမဖြစ်သူများက မိခင် ဒေါ်တင်ကြည် မဆုံးခင် ပေးအမ်းခဲ့ပါသည်။

၄င်းမြေကွက်အဆောက်အအုံကို အစ်မနှင့် ညီမများဖြစ်ကြသည့် (၁)ဒေါ်မာမာငွေး၊ (၂)ဒေါ်လှလှငွေး၊ (၃)ဒေါ်မြမြစိန် သမီး (၃)ဦး အမည်ပေါက်ပိုင်ဆိုင်လျက်ရှိခဲ့ပါသည်။ (အစ်မအကြီး)ဖြစ်သူ ဒေါ်မာမာငွေးက အဆောက်အအုံ၏ အရှေ့အဖျားဆုံးပိုင်း၊ (အစ်မအလတ်)ဖြစ်သူ ဒေါ်လှလှငွေး အဆောက်အအုံ၏ အလယ်ပိုင်းနှင့် (ညီမအငယ်ဆုံး) ဒေါ်မြမြစိန် အဆောက်အအုံ၏ အနောက် အဖျားဆုံးပိုင်းကို အသီးသီးပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။

ယခုအခါတွင် အစ်မအကြီးဖြစ်သူ ဒေါ်မာမာငွေးမှ မိမိပိုင်ဆိုင်သည့် မြေနှင့်အဆောက်အအုံ အရှေ့အဖျားအပိုင်း (၁၀)ပေ (၃)လက်မ၊ အကျယ် (၅၃)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မာမာငွေး (ဘ)ဦးဘိုငွေး(၉/တတဥ (နိုင်)၀၁၅၃၉၅)ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို (၁၆-၁၁-၂၀၂၅)ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ဆိုင်ရေးဆိုင်ခွင့် ပိုင်ရေးပိုင်ခွင့်၊ အမွေသက်ဆိုင်သူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**ဦးသန့်စင်+ဒေါ်ဥမ္မာဦး**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထွန်းထွန်းဝင်း(တရားလွှတ်တော်ရှေ့နေ)**
**စဉ်(၁၂၁၃၅/၂၀၁၇)**
**၂၇လမ်းနှင့်၂၈လမ်းကြား၊ ၈၈လမ်း၊ အိမ်တော်ရာ၊**
**ဆင်တံတားလမ်း၊ အကွက်(၂၄၅)၊ သီရိဟေမာအရှေ့၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၀၁၅၅၂၊ ၀၉-၇၅၂၉၇၆၆၄၁၊ ၀၉-၄၀၂၀၀၁၅၅၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၅)၊ ဦးပိုင်နံပါတ်(၄၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဒေါ်လှမြိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ချိုပြုံး (ဘ)ဦးတင်မောင်(၈/ဂဂန(နိုင်)၀၉၈၉၇၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးတင်အောင်မိုး (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဦးကြည်ယံ (LL.M)**<br>**အထက်တန်းရှေ့နေ** | **ဦးစည်သူအောင် (LL.B)**<br>**အထက်တန်းရှေ့နေ** | **ဒေါ်သဲမို့မို့ထွန်း (LL.B)**<br>**အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၈)၊ ဦးပိုင်နံပါတ်(၄၁)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးကျော်ငွေး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀)ထဲမှ တောင်ဘက်ပိုင်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ကျော်မိုး (ဘ)ဦးကျော်တင့်(၉/မရတ (နိုင်) ၁၃၀၀၁၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးတင်အောင်မိုး (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဦးကြည်ယံ (LL.M)**<br>**အထက်တန်းရှေ့နေ** | **ဦးစည်သူအောင် (LL.B)**<br>**အထက်တန်းရှေ့နေ** | **ဒေါ်သဲမို့မို့ထွန်း (LL.B)**<br>**အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၈)၊ ဦးပိုင်နံပါတ်(၈၅-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးခင်မောင်မြင့် အမည်ဖြင့်မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်ခင်လှလှ (ဘ)ဦးဘစိန်(၉/မရမ(နိုင်)၀၄၁၇၂၂)၊ ဒေါ်ဝင့်မွန်တိုး (ဘ)ဦးတိုးတိုး(၉/အမရ(နိုင်)၁၃၃၃၉၈)နှင့် ဒေါ်ဝင့်မြတ်တိုး (ဘ) ဦးတိုးတိုး(၉/အမရ(နိုင်)၁၈၅၈၇၃)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးတင်အောင်မိုး (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အေးနန္ဒာထွန်း (LL.B)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်မာလာစိုး (LL.B)**<br>**အထက်တန်းရှေ့နေ** | **ဒေါ်ဖူးသန့်မွန် (LL.B)**<br>**အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ဒေါ်ခိုင်သင်းကြည်၊ ဦးလှခိုင်၊ ဒေါ်သက်မွန်မြင့်၊ ဒေါ်ပန်းအိနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဥယျာဉ်တော်ကျေးရွာအုပ်စု၊ သရက်တန်းကျေးရွာနေ ဒေါ်ခိုင်သင်းကြည်၊ ဦးလှခိုင်၊ ဒေါ်သက်မွန်မြင့် နှင့် ဒေါ်ပန်းအိတို့ သိစေရန် ကြေညာအပ်ပါသည်။ ဖခင် ဦးကောင်းနှင့် မိခင် ဒေါ်သောင်းတို့မှ ဦးချစ်ဝင်း၊ ဦးချစ်သင်းနှင့် ဒေါ်မိုးကြည်တို့ကို မွေးဖွားခဲ့ပါသည်။ ဖခင် ဦးကောင်းသည် (၂၀၂၄)ခုနှစ်ကလည်းကောင်း၊ မိခင် ဒေါ်သောင်းသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကလည်းကောင်း၊ အစ်ကို ဦးချစ်ဝင်းသည် (၂၀၁၃)ခုနှစ်ကလည်းကောင်း၊ ညီမ ဒေါ်မိုးကြည် (၂၀၁၁)ခုနှစ်ကလည်းကောင်း အသီးသီးကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။ မိဘများဖြစ်ကြသည့် ဦးကောင်းနှင့် ဒေါ်သောင်းတို့ကွယ်လွန်ပြီးနောက် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဥယျာဉ်တော်ကျေးရွာအုပ်စု၊ သရက်တန်းကျေးရွာ အတွင်းရှိ အိမ်ဝိုင်းမြေနှင့် လှည်း (၁)စီး၊ နွားတစ်ရှဉ်း၊ နွားမကြီး (၃)ကောင်တို့ ကျန်ရှိခဲ့ရာ (၁၃-၃-၂၀၁၂)ရက်တွင် ဖခင် ဦးကောင်းမှ မြေးများဖြစ်ကြသော ဒေါ်ခိုင်သင်းကြည်၊ ဦးလှခိုင်၊ ဒေါ်သက်မွန်မြင့်နှင့် ဒေါ်ပန်းအိတို့အား အမွေခွဲဝေပေးခြင်းစာချုပ် ချုပ်ဆို၍ အထက်ပါမြေကွက်နှင့်ပစ္စည်းများ လက်ရောက်ပေးအပ်ခဲ့ပါသည်။ အမှန်တကယ်တွင် ဖခင် ဦးကောင်းနှင့် မိခင် ဒေါ်သောင်းတွင် သက်ရှိထင်ရှားအဖြစ် သားဖြစ်သူ ဦးချစ်သင်း ကျန်ရှိခဲ့ရာ အထက်ပါ အမွေပစ္စည်းများအား မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အမွေဆက်ခံသူအဖြစ် သားဖြစ်သူ ဦးချစ်သင်း တစ်ဦးတည်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါသည်။

ထို့ကြောင့် သက်ရှိထင်ရှားရှိသူ သားဖြစ်သည့် ဦးချစ်သင်း မပါရှိဘဲ ၂၀၁၁ ခုနှစ်က ကွယ်လွန်သူ ဒေါ်မိုးကြည် (ဘ) ဦးကောင်း၏ သား သမီးများကို ဖခင် ဦးကောင်းမှ (၁၃-၃-၂၀၁၂)ရက်တွင် အမွေခွဲဝေပေးခြင်းစာချုပ် ပြုလုပ်ချုပ်ဆိုခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ်ခြင်းမရှိ၍ ထိုစာချုပ်မှာ ပျက်ပြယ်ပြီးဖြစ်ပါသည်။

ထို့ကြောင့် (၁၃-၃-၂၀၁၂)စာချုပ်တွင် ပါရှိသော အမွေပစ္စည်းများကို ဦးကောင်း၏ သားဖြစ်သူ ဦးချစ်သင်းလက်ဝယ်သို့ အမြန်ဆုံး ပြန်လည်လွှဲအပ်ပေးရန် အသိပေးအကြောင်းကြားသိစေအပ်ပါသည်။ ပြန်လည်မအပ်နှံပါက ဦးချစ်သင်းမှ အမွေလက်ခံသူ ဒေါ်ခိုင်သင်းကြည်၊ ဦးလှခိုင်၊ မသက်မွန်မြင့်နှင့် မပန်းအိတို့အပေါ် တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးချစ်သင်း၏ လွှဲအပ်ချက်အရ**
**ဒေါ်မိုးမိုးနိုင်(LL.B) တရားလွှတ်တော်ရှေ့နေ**
**အကွက်(၈၈၀)၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၆၅၀၉၂၀၆၁**

❖ မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒမှာလည်း ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံမှုရှိသည့် နိုင်ငံခြားရေးမူဝါဒကို ချမှတ်ထားပြီး အဆိုပါအချက်ပေါ်တွင် အလေးအနက်ထားစဉ်းစားပြီး ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး၊ ဖက်ဒရယ်နိုင်ငံတည်ဆောက်ရေးများကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## KK Park နယ်မြေ၊ ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား မီးရှို့ဖျက်ဆီး၊ မြဝတီမြို့အတွင်း တရားမဝင်ပြည်ပနိုင်ငံသားများနှင့် တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၀

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား

စာမျက်နှာ ၉ သို့ ◆



မြဝတီမြို့အတွင်း တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရရှိမှု မှတ်တမ်းဓာတ်ပုံ။



## (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား ဘန်ကောက်မြို့၌ ကျင်းပ မြန်မာနိုင်ငံက ရွှေ ၃ ခု၊ ငွေ ၂၁ ခုနှင့် ကြေး ၄၉ ခု စုစုပေါင်း ဆုတံဆိပ် ၇၃ ရရှိခဲ့

ဘန်ကောက် ဒီဇင်ဘာ ၂၀

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ရာဇမန်ဂလာ အားကစားရုံ၌ ဒီဇင်ဘာ ၂၀ ရက် ညပိုင်းက ခမ်းနားထည်ဝါစွာ ကျင်းပသည်။

ယခုနှစ် ထိုင်းဆီးဂိမ်းပြိုင်ပွဲကို ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက် အထိ အားကစားနည်း ၅၀ တွင် အားကစားသမားများစွာက ရွှေတံဆိပ်ဆွတ်ခူးရရှိရေး အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

စာမျက်နှာ ၁၀ သို့ ❖

## အင်္ဂလိပ်ပရီးမီးယားလိဂ်(ပွဲစဉ်-၁၇)တွင် မန်စီးတီး၊ ဘရန့်ဖို့ဒ်၊ လီဗာပူးတို့ နိုင်ပွဲကိုယ်စီရရှိ

လန်ဒန် ဒီဇင်ဘာ ၂၀

အင်္ဂလိပ် ပရီးမီးယားလိဂ် (ပွဲစဉ်-၁၇)ကို ယနေ့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီး၊ ဘရန့်ဖို့ဒ်၊ လီဗာပူးတို့ အသီးသီး နိုင်ပွဲကိုယ်စီရရှိခဲ့သည်။

ယနေ့ မြန်မာစံတော်ချိန် ည ၉ နာရီခွဲက မန်စီးတီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက ဝက်စ်ဟမ်းအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မန်စီးတီးအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၅ မိနစ်နှင့် ၆၉ မိနစ်တွင် ဟာလန်း၊ ပွဲချိန် ၃၈ မိနစ်တွင် ရိုင်ဒါစ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဆက်လက်၍ ဘရန့်ဖို့ဒ်အသင်းနှင့် ဝုဖ်အသင်းတို့ ပွဲစဉ်တွင်လည်း ဘရန့်ဖို့ဒ်အသင်းက ဝုဖ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

လီဗာပူးအသင်းနှင့် စပါးအသင်းတို့ ပွဲစဉ်တွင်လည်း လီဗာပူးအသင်းက စပါးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လီဗာပူးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၅၆ မိနစ်တွင် အီဆက်ခ်၊ ပွဲချိန် ၆၆ မိနစ်တွင် အီကီတီကီတို့က သွင်းယူပေးခဲ့သည်။ (NGB)

